# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (16-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ်သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဝန်ကြီးချုပ်၊ ရုရှားနိုင်ငံဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာ-ရုရှားနှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးနှင့်စီးပွားရေး၊လုံခြုံရေး၊လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မြန်မာ-ရုရှား စီးပွားရေးဖိုရမ်သို့လည်း တက်ရောက်သွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် ဩဂုတ် ၁၅**


၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်၏မြောက်ဘက် သစ်ခွလမ်းနှင့် ကစ္စပနဒီလမ်း ဘေးဝဲယာတို့တွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊

စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၁၄ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက် ထုတ်ထားသည့် ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း

စာမျက်နှာ ၂၀ ကော်လံ ၁

## လျှပ်စစ်ဓာတ်အားသုံးစွဲသူ မီဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့နည်းပပျောက်စေရေးအတွက် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့်မီတာများကို လဲလှယ်ပေးခြင်းတို့အပြင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရရှိသေးသည့် မီဘပြည်သူများအနေဖြင့် လိုအပ်သည့်လျှပ်စစ်မီတာအသစ်များကို လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့် စရိတ်စကများသက်သာစေရန်ရည်ရွယ်၍ ဩဂုတ် ၁၅ ရက်မှစ၍ Website မှ တစ်ဆင့် ရုံးချုပ်သို့ တိုက်ရိုက်လျှောက်ထားခြင်းများကိုလည်း စတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယင်းသို့ Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသကဲ့သို့ Analog မီတာများအပါအဝင် Smart Meter စနစ်နှင့် ချိတ်ဆက်နိုင်ခြင်းမရှိသေးသည့်မီတာများအသုံးပြုနေသည့်

စာမျက်နှာ ၂၁ ကော်လံ ၄

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၁၆ ရက်

**အယ်ဒီတာ့အာဘော်**

## ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်

ယခုမိုးဦးကျနှင့် မိုးတွင်းကာလများတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကာလဝမ်းရောဂါဖြစ်ပွားမှုများ ပေါ်ပေါက်ခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အခြားဆေးရုံများတွင် ဆေးဝါးကုသမှုခံယူနေကြရသည့် လူနာများရှိသည်။ အစုလိုက်အပြုံလိုက် ဖြစ်ပွားမှုများကြောင့် ပြည်သူများကြား စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ အထူးဂရုစိုက် စောင့်ရှောက်ကုသပေးမှုနှင့် ထိန်းချုပ်ဆောင်ရွက်မှုများကြောင့် ရောဂါဖြစ်ပွားမှုနှင့် ဆေးရုံတက်ရောက်ကုသမှုများမှာ တဖြည်းဖြည်းကျဆင်းလာသည်ကို တွေ့ရှိရသည်။

ရောဂါဖြစ်ပွားရသည့် အဓိကဇာစ်မြစ်များကို စစ်ဆေးချက်အရ မသန့်ရှင်းသည့်ရေ၊ မသန့်ရှင်းသော အစားအစာများနှင့် ကျန်းမာရေးနှင့်မညီညွတ်သည့် ပတ်ဝန်းကျင်အခြေအနေများက အဓိကအကြောင်းရင်းများဖြစ်သည်။ လူဦးရေအထူထပ်ဆုံးနှင့် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် ယခုကဲ့သို့ ကူးစက်ရောဂါများ ဖြစ်ပွားလာခြင်းသည် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအသောက်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အတွက် သတိပေးခေါင်းလောင်းသံတစ်ရပ်ပင်ဖြစ်သည်။ မသန့်ရှင်းသော လက်၊ ရေနှင့် အစားအစာများမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါသာမက ကာလဝမ်း၊ အူရောင်ငန်းဖျား စသည့် အသက်အန္တရာယ်ရှိသော ကူးစက်ရောဂါများပါ ကူးစက်ပျံ့နှံ့နိုင်သဖြင့် အထူးသတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရောဂါထပ်မံမဖြစ်ပွားစေရေးနှင့် အများပြည်သူရောဂါကင်းဝေးစေရေးအတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တစ်ကိုယ်ရေနှင့် အစားအစာသန့်ရှင်းရေးကို ဂရုစိုက်ကာ အစားအစာများကို ပူပူနွေးနွေးချက်ပြုတ်စားသောက်ကြရန်၊ လမ်းဘေးအသင့်စားအစားအစာများနှင့် မသန့်ရှင်းသော အစားအစာများကို ရှောင်ရှားရန်၊ အစာမစားမီနှင့် အိမ်သာတက်ပြီးတိုင်း လက်ကို ဆပ်ပြာ၊ သန့်ရှင်းသောရေတို့ဖြင့် စင်ကြယ်စွာ ဆေးကြောရန် လိုအပ်သည်။ ထို့ပြင် သောက်သုံးရေများကို သန့်စင်အောင် ကျိုချက်သောက်သုံးရန်၊ မိမိတို့ နေထိုင်ရာ နေရာများတွင် ယင်လုံအိမ်သာများကို စနစ်တကျသုံးစွဲကြရန်နှင့် ကူးစက်ရောဂါကင်းစင်သည့် သန့်ရှင်းသော ပတ်ဝန်းကျင်များကို ဝိုင်းဝန်းထူထောင်ကြရန် လိုအပ်မည်ဖြစ်သည်။

ထို့ပြင် အစားအသောက် ရောင်းချသူများအနေဖြင့်လည်း မိမိတို့၏ ရောင်းချရာနေရာများနှင့် အစားအစာများကိုင်တွယ်ရာတွင် ကျန်းမာရေးစံနှုန်းများနှင့်အညီ သန့်ရှင်းမှုရှိစေရေး အထူးကြပ်မတ်ဆောင်ရွက်ကြရန် တာဝန်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် မသန့်ရှင်းသော အစားအစာများနှင့် သောက်သုံးရေများကို ဖြန့်ဖြူးရောင်းချခြင်းမှ ရှောင်ကြဉ်ကြရမည်ဖြစ်ပြီး သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းကာ အစားအသောက်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စစ်ဆေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့နေသော သတင်းအချက်အလက်များကြောင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နိုင်သော်လည်း လက်တွေ့တွင် ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများ၏ စနစ်တကျ ထိန်းချုပ်ကုသပေးမှုများကြောင့် ရောဂါအခြေအနေမှာ စိုးရိမ်ဖွယ်ရာမရှိတော့ဘဲ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်သူတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးအချက်အလက်များကို အမြဲမပြတ်လိုက်နာကျင့်သုံးလျက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကာ အများပြည်သူရောဂါကင်းဝေးပြီး ကျန်းမာကြံ့ခိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို စုစည်းညီညွတ်စွာ ဆက်လက်တည်ဆောက်သွားကြပါရန် နှိုးဆော်ရေးသားလိုက်ရပေသည်။

## ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၂၈၇၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၂၈၇၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၂၉၃၉၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၈၇၁၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ မြေပဲ ဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်" ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

## ပုသိမ်မြို့နယ်တွင် မျှင်ငါးပိများ အရောင်းအဝယ်ကောင်းမွန်နေ



**ပုသိမ် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် မျှင်ငါးပိများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဒေသထွက် မျှင်ငါးပိများ ဩဂုတ်လပထမပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ မျှင်ငါးပိများ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ မျှင်ငါးပိတွေက ဒေသတွင်းမှာကို အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိမှာ မျှင်ငါးပိတစ်ပိဿာကို ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ မျှင်ငါးပိတွေကို ဒေသဈေးကွက် အပြင် အခြားဒေသတွေကပါ ဝယ်ယူအား ကောင်းမွန်နေပါတယ်။ ဒီဘက်က မျှင်ငါးပိ အရောင်းအဝယ် လုပ်သူတွေက ဒေသထွက်မျှင်ငါးပိတွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးပါတယ်" ဟု ပုသိမ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ပုသိမ်မြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်မျှင်ငါးပိများကို ဒေသဈေးကွက်အပြင် အခြားဒေသသို့ပါ စနစ်တကျထုပ်ပိုးပြီး တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မျှင်ငါးပိများ အရောင်းအဝယ် ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## သာစည်မြို့နယ် မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၃ သိန်း ၆၅ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မကျီးရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ သောင်း ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၂ သောင်း ၆၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ သောင်း ၆၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၉ ဦးကို ရန်ပုံငွေကျပ် ၄၃ သောင်း ၆၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# သနပ်ပင်မြို့နယ် မကြက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**သနပ်ပင် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကြက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက မကြက်စုကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများနှင့် ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မကြက်စုကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၁၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၁၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ်မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၁၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၀၄၇၉ ဧကထိ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၁၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# ပုသိမ်ကြီးမြို့နယ် မင်းကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မင်းကန်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ရပ်မိရပ်ဖများ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာVRFP စီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ စီမံကိန်းလက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၉၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မင်းကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# သာစည်မြို့နယ် ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချောက်ခွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်အတွင်း ပခန်းစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပခန်းစပါးများ တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်း ပခန်းစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်ကနေ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ကန်ကြီးထောင့်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ပခန်းစပါးတွေက အရည်အသွေးတော်တော်ကောင်းပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပခန်းစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ပခန်းစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ပခန်းစပါးများ တင်ပို့ရောင်းချနေရခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စီးပွားရေးအောင်မြင်ရန် ကိုယ့်စိတ်ကိုအခြေခံ

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်အောင်မြင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားကြသည်သာဖြစ်သည်။ မည်သည့်နည်းလမ်းကို ကြိုးစားသည်ဖြစ်စေ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ်ကိုယ် ဦးစွာစတင်ပြင်ဆင်ရသည်၊ ကြိုးစားကြံဆရသည်သာဖြစ်သည်။ အချို့သော မအောင်မြင်မှုများကိုကြည့်လျှင် အစမကောင်းသည်ကို တွေ့နိုင်သည်။ အစမကောင်းသည်မှာ ကိုယ့်ဆီက စတင်လွဲမှားနေခြင်းမျိုးဖြစ်ပါသည်။ ထို့ကြောင့် ပြင်ပလောက၊ ပြင်ပစီးပွားရေးကို အောင်မြင်အောင်မလုပ်မီ ကိုယ့်ကိုယ်ကိုယ် အောင်မြင်မှုရအောင်၊ တစ်နည်းအားဖြင့် ကိုယ့်စိတ်ကိုအောင်မြင်မှုရအောင် ဦးစွာကြိုးစားသင့်သည်ဟု ဆိုခြင်းဖြစ်သည်။

**ကိုယ့်ကိုယ်ကိုယ် အောင်မြင်မှုရအောင်လုပ်ပါ**

ပြင်ပလောကကြီးကိုမပြောင်းလဲမီ မိမိကိုယ်ကို ထိန်းကျောင်းနိုင်ရန် အရင်ဆုံးကြိုးစားရမည်၊ တည်ဆောက်ရမည်ဖြစ်သည်။ လူသည် တွေးတောကြံဆမှုကို အစဉ်အမြဲလုပ်နေတတ်သည်။ သို့ရာတွင် အချို့စိတ်များမှာ အပျက်စိတ်များဖြစ်၍ အချို့စိတ်များမှာ အောင်စိတ်များဖြစ်ကြသည်။ အလုပ်လုပ်ရာတွင် အချိန်ဆွဲခြင်း၊ ပျင်းရိခြင်း၊ အချိန်ဖြုန်းခြင်း၊ အပျော်အပါးဝါသနာကြီးခြင်း စသည်တို့ကြောင့် အောင်မြင်မှုများနှင့် ဝေးကွာသည်ဟု လူတိုင်းနားလည်ကြသည်။ အချို့သည် ထိုအရာများမလုပ်သော်လည်း စီးပွားရေးလောကတွင် အောင်မြင်မှုမရကြသည်ကို တွေ့နေရသည်။ ထိုသူများကိုကြည့်လျှင် စွန့်စားလိုစိတ် နည်းပါးတတ်ခြင်း၊ အောင်စိတ်နည်းခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုနည်းခြင်း စသည့်စိတ်နေစိတ်ထားများကို တွေ့ရတတ်သည်။ ထို့ကြောင့် စီးပွားရေးအောင်မြင်ရန် မိမိစိတ်ကိုအခြေခံရမည်။ အောင်မြင်သူတို့၏ အလေ့အကျင့်ကောင်းများတွင် မိမိစိတ်ကို ပြင်ဆင်ခြင်းသည် ပထမအလေ့အကျင့်များဖြစ်သည်။ ပထမဦးစွာ မိမိကိုယ်ကို အစီအစဉ်ချတတ်သည့် အလေ့အကျင့်ကို မွေးမြူရမည်။ အလုပ်ချိန်နှင့်အညီ အိပ်ရာမှထလိုစိတ်ကစ၍ ပြင်ဆင်နိုင်ရပါမည်။

ဥပမာ – ဇာတ်မင်းသားများကို ကြည့်လျှင် မိုးအလင်း ကခုန်နေသည့်အလုပ်ကို လုပ်နိုင်ရန်အတွက် အိပ်ချိန်ကိုညတွင်မထားဘဲ ပြုပြင်ထားရပါသည်။ ညတွင် အိပ်ငိုက်နေလျှင် အောင်မြင်သော ညဘက်ကပြေသူမဖြစ်နိုင်ပေ။ ထိုအိပ်ခြင်းအလေ့အကျင့်ကို မိမိကိုယ်မှ စတင်ရသည်ဖြစ်သည်။ ပထမဆုံး တက်ကြွစွာစိတ်ကိုထားရန် ပြင်ဆင်ပါ။ မိမိဘဝတွင် ဖြစ်ပျက်သမျှအရာရာအတွက် မိမိကိုယ်တိုင်သာ တာဝန်ရှိသည်ဟုခံယူနိုင်သည့် အလေ့အကျင့်ကိုမွေးမြူထားရန် လိုအပ်သည်။ ရာသီဥတုမှစ၍ ပတ်ဝန်းကျင်ကကိစ္စများတွင်ပင် မိမိကတာဝန်ယူမည်ဟူသောစိတ်ကို မွေးမြူတတ်ရန် လေ့ကျင့်ထားရပါမည်။ တစ်ခုခုဆိုသည်နှင့် အခြားသူများတွင်သာ အပြစ်ရှာတတ်သည့်အကျင့်မျိုးကို လုံးဝရှောင်ရှားသင့်သည်။ ကျွန်တော်တို့သည် ချော်လဲလျှင် မိမိ၏သတိမထားမှုကြောင့်ဟု ဆင်ခြင်မည့်အစား ထိုနေရာတွင် ရေဖိတ်ကျအောင်လုပ်သူ၊ သို့မဟုတ် ရေညှိကိုအပြစ်တင်ခြင်းကို ပို၍လုပ်တတ်ကြသည်။ ပြဿနာတစ်ခုကိုတွေ့လျှင် ရှောင်ရှားပြီးသွားမည့်အစား တက်တက်ကြွကြွ တာဝန်ယူဖြေရှင်းတတ်သည့်စိတ်ကို လေ့ကျင့်ထားရမည်ဖြစ်သည်။

**❖ အလုပ်လုပ်ရာတွင် အချိန်ဆွဲခြင်း၊ ပျင်းရိခြင်း၊ အချိန်ဖြုန်းခြင်း၊ အပျော်အပါးဝါသနာကြီးခြင်း စသည်တို့ကြောင့် အောင်မြင်မှုများနှင့် ဝေးကွာသည်ဟု လူတိုင်းနားလည်ကြသည်။ အချို့သည် ထိုအရာများမလုပ်သော်လည်း စီးပွားရေးလောကတွင် အောင်မြင်မှုမရကြသည်ကို တွေ့နေရသည်။ ထိုသူများကိုကြည့်လျှင် စွန့်စားလိုစိတ်နည်းပါးတတ်ခြင်း၊ အောင်စိတ်နည်းခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်း စသည့်စိတ်နေစိတ်ထားများကို တွေ့ရတတ်သည်။ ထို့ကြောင့် စီးပွားရေးအောင်မြင်ရန် မိမိစိတ်ကိုအခြေခံရမည်။ အောင်မြင်သူတို့၏ အလေ့အကျင့်ကောင်းများတွင် မိမိစိတ်ကို ပြင်ဆင်ခြင်းသည် ပထမအလေ့အကျင့်များဖြစ်သည်။ ❖**

ဒုတိယပြင်ဆင်ရမည့်၊ လေ့ကျင့်ရမည့် စိတ်နေစိတ်ထားမှာ ပန်းတိုင်ကိုတွေး၍ လုပ်ငန်းစတင်ရန်ဖြစ်သည်။ Vision တစ်ခုကို ပြတ်ပြတ်သားသား ချမှတ်၍ ဦးတည်ချက်ချမှတ်လုပ်ကိုင်တတ်သည့် အလေ့အကျင့်ကိုမွေးမြူထားရန်ဖြစ်သည်။ ဦးတည်ချက်မရှိဘဲ ခရီးထွက်ခြင်းမလုပ်ရန်ဖြစ်သည်။ တတိယအချက်မှာ အရေးအကြီးဆုံးအရာများကို ဦးစားပေးရန်ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့် အချိန်စီမံခန့်ခွဲခြင်းကို ဆောင်ရွက်တတ်ကြသော်လည်း တစ်ခါတစ်ရံတွင် ဘဝအတွက်အရေးကြီးသည့်အရာများကို အလုပ်၏နောက်တွင် ထားတတ်ကြသည်။ ထို့ကြောင့် မိမိစိတ်ကို အလေ့အကျင့်ကောင်းအဖြစ် အရေးကြီးသောအရာများကို ဦးစားပေးတတ်ရန် လေ့ကျင့်ရပါမည်။ ဆိုလိုသည်မှာ အရေးပေါ်လုပ်ငန်းများနောက်ကို လိုက်၍လုပ်ကိုင်နေတတ်သည်ကိုဖျောက်၍ ချက်ချင်းအရေးမပေါ်သေးသော်လည်း အရေးကြီးသည့်အရာများကို ဦးစားပေးနိုင်ရန် လေ့ကျင့်ရပါမည်။ ဥပမာအားဖြင့် ကျန်းမာရေးကိစ္စများ၊ လူမှုဆက်ဆံရေးကိစ္စများဖြစ်ကြသည်။ နေမကောင်း မကြာခဏဖြစ်နေတတ်သည့်တိုင် ဆရာဝန်နှင့်ပြသရန်ကို ရက်ရွှေ့တတ်ကြသည်။ ဖြစ်သင့်သည်မှာ ဆရာဝန်နှင့် ရက်ချိန်းကို မရွှေ့ရအောင်အခြားလုပ်ငန်းများကို ပြင်ဆင်ထားရမည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်နိုင်ရေး**

မိမိကိုယ်ပိုင် အလေ့အကျင့်ကို မွေးမြူခြင်းအပြင် ပြင်ပပတ်ဝန်းကျင်နှင့် ဆက်ဆံမှုကိုလည်း အလေ့အကျင့်ဖြစ်သည်ထိ ထပ်မံပြင်ဆင်သင့်သည်။ ထိုအထဲတွင် အရေးအကြီးဆုံးတစ်ခုမှာ နှစ်ဖက်စလုံး အကျိုးရှိမည့်အချက်ကို စဉ်းစားတတ်သည့် အလေ့အကျင့်ကို မွေးမြူရမည်ဖြစ်သည်။ သို့သော် ဤအလေ့အကျင့်သည် လွယ်မယောင်နှင့်ခက်သော အလေ့အကျင့်ဖြစ်သည်။ အတ္တအခြေခံသည့် မိမိစိတ်ကို ပြုပြင်ရမည်ဖြစ်၍ ခက်ခဲသည်ဟုဆိုနိုင်သည်။ လူတိုင်းသည် မိမိအနိုင်ရရေးကိုသာ ကြိုးစားတတ်ကြသည်။ အခြားသူများလည်း မိမိကဲ့သို့ပင် သူဘက်က အနိုင်ရရေးကို ကြိုးစားနေမည်ဆိုသည်ကို မေ့နေတတ်ကြသည်။ ထို့ကြောင့် စီးပွားရေးတွင် မိမိအမြတ်အစွန်းငွေတန်ဖိုးကိုသာ တွက်တတ်ကြပြီး မိမိထံမှ ဝယ်ယူသူများအတွက် မည်သည့်တန်ဖိုးကို ရမည်ကို မေ့တတ်ကြသည်။ ယခုခေတ်တွင် မိမိဘက်က ငွေကြေးအမြတ်ရသကဲ့သို့ ဝယ်ယူသူဘက်ကလည်း စိတ်ကျေနပ်မှုကစ၍ တန်ဖိုးတစ်ခုရရှိအောင်လုပ်နိုင်သူက စီးပွားရေးတွင် အောင်မြင်သူဖြစ်တတ်သည်။

ထို့ပြင် ခံစားနားလည်တတ်သူ၊ ကိုယ်ချင်းစာတရားထားတတ်သူဖြစ်ရန်နှင့် အရင်နားထောင်တတ်ရန်လေ့ကျင့်ရပါမည်။ ဆိုလိုသည်မှာ မိမိဖြစ်ချင်သည်များကို ဦးစွာပြောတတ်ကြသည်ကို မိမိက စာနာစိတ်၊ ကိုယ်ချင်းစာစိတ်ဖြင့် နားထောင်ကြည့်သည့်အကျင့်ကို မွေးမြူရန် ပြောလိုခြင်းဖြစ်သည်။ နားထောင်ပြီးမှ မိမိအမြင်၊ မိမိသဘောထားကို ပြောပြခြင်းဟူသော အလေ့အကျင့်ကို မွေးမြူရမည်ဖြစ်သည်။ နေရာတစ်ခုကိုရလာသူများတွင် အခြားသူ၏စကားကို ဆုံးအောင်နားမထောင်ဘဲ ဖြတ်ချပြီး ပြောတတ်သည်များကို တွေ့ရသည်။ ထိုသူတို့သည် ပြောသူထက် ငါကသိသည်၊ တတ်သည်၊ ငါဦးဆောင်မှု၊ ငါ့သဘောအတိုင်းသာ မင်းလုပ်ရမည်ဟု ဆိုတတ်ကြသည်။ ထိုသို့ပြုမည့်အစား စာနာစိတ်ဖြင့် ဦးစွာဆုံးအောင်နားထောင်ပြီးမှ မိမိသဘောထားကို ဖော်ပြခြင်းမျိုးက မိမိလုပ်ဆောင်မှုကို လိုက်လုပ်ရသည့်တိုင်အောင် ကျေကျေနပ်နပ်ဖြင့် လိုက်ပါလုပ်ဆောင်တတ်ခြင်းဖြစ်လာပါမည်။

စီးပွားဖက်ချင်း အပြန်အလှန် နားလည်မှုများနှင့် ချစ်ခင်ရင်းနှီးမှုများရှိလာသည့်အခါတွင် အတူတကွ ပူးပေါင်း၍ အလုပ်လုပ်ရန် လိုအပ်လာသည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သောအားတစ်ခုကို ရရှိမည်ဖြစ်ပြီး ပိုမိုယှဉ်ပြိုင်နိုင်လာမည်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တစ်ဦးတွင်မရှိသော အားသာချက်မျိုးကို နောက်တစ်ဦးလည်း ခံစားရမည်ဖြစ်သည်။ သာလွန်သောအင်အားလည်းဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ပိုမိုကောင်းမွန်သောရလဒ်များ ရရှိလာစေလိုပါက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ မတူကွဲပြားသော အားသာချက်များကိုပေါင်းစပ်ခြင်းဖြင့် သာလွန်အင်အားကိုရရှိစေသည်။


**ပြန်လည်ဆန်းစစ်ပါ၊ ပြန်လည်ဆန်းသစ်ပါ**

ကျွန်တော်တို့သည် အလုပ်တစ်ခုပြီးလျှင် အနားယူရန်နှင့် ပြန်လည်သုံးသပ်ရန်ကိုမမေ့ဘဲ ဆောင်ရွက်တတ်ကြသည်။ သို့သော် ပြန်လည်ဆန်းသစ်ရန်ဟူသောအချက်ကိုမူ လုပ်ဆောင်မှုနည်းပါးတတ်သည်။ ပုဆိန်တစ်လက်သည် ဆက်တိုက်ခုတ်သည့်အခါတွင် တုံးလာသဖြင့် တစ်ရက်ခုတ်ပြီးလျှင် ပြန်သွေးသည့် အလေ့အကျင့်ကို လုပ်ရသည်။ ထို့အတူပင် ကျွန်တော်တို့သည်လည်း လုပ်ငန်းတစ်ခုပြီးစီးသည်ဆိုပါက အဆိုပါလုပ်ငန်းနှင့်ပတ်သက်သည့်ကိစ္စအပြင် မိမိကိုယ်ကို ပြန်လည်ဆန်းသစ်သည့်အလုပ်ကိုလည်း လုပ်ကိုင်ရမည်ဖြစ်သည်။ မိမိ၏ဉာဏ်ပညာ၊ စိတ်ဓာတ်နှင့် လူမှုဆက်ဆံရေးမှစ၍ ပြန်လည်ဆန်းသစ်ခြင်းဖြစ်အောင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ နောက်ထပ်ဖြစ်ပေါ်လာမည့် လုပ်ငန်းများအတွက် လန်းဆန်းတက်ကြွနေစေရန်နှင့် အားအင်ပြည့်ဖြိုးနေစေရန်အတွက် ပြန်လည်ဆန်းသစ်အောင် လုပ်ကိုင်ရမည်ဖြစ်ပါသည်။ ထိုအလေ့အကျင့်ကိုလည်း လေ့ကျင့်ပေးရမည်ဖြစ်သည်။ ဤနေရာတွင် စိတ်ပိုင်းဆိုင်ရာကိုပြန်လည်ဆန်းသစ်အောင်ဆောင်ရွက်သကဲ့သို့ လုပ်ငန်းကိုလည်း ဆန်းသစ်မှုအမြဲရှိနေစေရန် ကြိုးစားရသည်။ လုပ်ငန်းဆန်းသစ်အောင် လုပ်ဆောင်ခြင်းသည်လည်း မရှိမဖြစ်လိုအပ်သည်။ စီးပွားရေးလောကနှင့် စားသုံးသူများ၏ လိုအင်ဆန္ဒသည် အမြဲပြောင်းလဲနေသဖြင့် မိမိလုပ်ငန်းသည်လည်း လိုက်ပါဆန်းသစ်နေရန်လိုအပ်သည်။ ရပ်တန့်နေခြင်းသည် ရပ်နေခြင်းမဟုတ်ဘဲ နောက်ပြန်ဆုတ်နေခြင်းဖြစ်သည်ဟု ခံယူထားရန်လိုအပ်သည်။

စားသုံးသူများ၏ ပြောင်းလဲနေသော တောင်းဆိုချက်၊ မျှော်လင့်ချက်များကို အမီလိုက်နိုင်ရန်အတွက် လုပ်ငန်း၏ထုတ်ကုန်နှင့် အရည်အသွေးများကို ပိုမိုကောင်းမွန်အောင်၊ တိုးတက်ပြောင်းလဲနေအောင် ဆောင်ရွက်ရပါမည်။ ရှေးရိုးအတိုင်းသာ ဆောင်ရွက်နေပါက ပိုမိုကောင်းမွန်သော အခြားရွေးချယ်စရာများဆီသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ဝန်ဆောင်မှုပေးသည့်ပုံစံကို စားသုံးသူများ ပိုမိုသက်သာအောင် ပြောင်းလဲပေးခြင်း၊ ကုန်ကျစရိတ်သက်သာပြီး ထိရောက်သည့်စနစ်များကို အသုံးပြုခြင်း စသည့်ဆန်းသစ်မှုများကို ဆောင်ရွက်နေရပါမည်။ ဆန်းသစ်မှုဆိုရာတွင် ထုတ်ကုန်အသစ်ထုတ်လုပ်ခြင်းသက်သက်သာမဟုတ်ဘဲ လုပ်ငန်းလုပ်ကိုင်သည့် စနစ်များ၊ နည်းပညာများပါ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းလည်းပါဝင်သည်။ လက်မှုအထည်များတွင်ပင် စက်ကူသည်ကို ရာခိုင်နှုန်းတစ်ခုထိ ထည့်သွင်းလုပ်ကိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သောအရည်အသွေးကို ရရှိစေကြောင်း တွေ့နိုင်သည်။ ဥပမာအားဖြင့် ဝါးလက်မှုထည်များ ရက်လုပ်ရန်အတွက် ဝါးကိုခွဲ၍ နှီးသဖွယ်လုပ်ကိုင်ရာတွင် စက်ဖြင့်လုပ်ကိုင်ခြင်းက ပိုမိုသပ်ရပ်ကောင်းမွန်သော နန်းမျှင်မျိုးရရှိစေသည်။ ထိုအခါ ရက်လုပ်ရာတွင်လည်း ပိုမိုလှပသောလက်ရာကို ရလာစေသည်။ အမှားအယွင်းလည်း နည်းလာသည်ကိုတွေ့နိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပိုမိုကောင်းမွန်လာသကဲ့သို့ အမှားအယွင်းနည်းပါးခြင်းကြောင့် ကုန်ကျစရိတ်လည်း သက်သာစေသည်။

စာမျက်နှာ ၅ သို့

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဧက ၆၇၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဧက ၆၇၆၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၇၉ ဧက၊ ဖူးစားပြောင်း ၃၆၅၃ ဧက စုစုပေါင်း ၇၂၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၁၀၂ ဧက၊ ဖူးစားပြောင်း ၃၆၅၈ ဧက စုစုပေါင်းဧက ၆၇၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပြောင်းဧက ၇၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေဆောင်ရွက်ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ် ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ဝယ်ယူသူများ၏ ကြိုက်နှစ်သက်မှုကိုလည်း ပိုမိုရရှိလာသည်။

ယခုခေတ်တွင် ဒစ်ဂျစ်တယ်စနစ်များ၊ အွန်လိုင်းမှရောင်းဝယ်မှုများ၊ AI နည်းပညာများဖြင့် စီးပွားရေးလောကတွင် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာသဖြင့် လုပ်ငန်းဆန်းသစ်မှုကို အစဉ်ပြုလုပ်နေရန်လိုအပ်လာသည်။ တစ်ခေတ်က နာမည်ကြီးထင်ရှားခဲ့သော လုပ်ငန်းများ မှေးမှိန်ပျောက်ကွယ်သွားကြသည်များကို ကြုံဖူးကြသည်။ အဆိုပါလုပ်ငန်းများသည် အောင်မြင်မှုများကြားမှပင် ပျောက်ကွယ်သွားကြသည်မှာ အတွေးအခေါ်အသစ်များ၊ ဆန်းသစ်တီထွင်မှုများဖြင့် ပြောင်းလဲမှုမလုပ်ဆောင်နိုင်ခြင်းများကြောင့်ဖြစ်သည်ကို သင်ခန်းစာယူနိုင်လျှင် ရေရှည်အောင်မြင်တိုးတက်ရေးအတွက် ဆန်းသစ်မှုသည် လိုအပ်သော၊ အရေးကြီးသောကိစ္စဖြစ်သည်ကို နားလည်နိုင်သည်။ လုပ်ငန်းဆန်းသစ်နေစေရန်အတွက် ဖောက်သည်များ၏ အကြံပြုချက်များကို တန်ဖိုးထားနားထောင်နေရပါမည်။ ဖောက်သည်များ၏ လိုအပ်ချက်များ၊ အားနည်းချက်များ ဝေဖန်ထောက်ပြမှုများကို နားထောင်ပြီးပြင်ဆင်ရပါမည်။ ထို့ပြင် လက်တွေ့လုပ်ကိုင်နေသော ဝန်ထမ်းများ၏အကြံဉာဏ်နှင့် တီထွင်ကြံဆမှုကိုလည်း အားပေးလက်ခံရပါမည်။ ထိုသူများမှာ မိမိလုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များကို နေ့စဉ်ထိတွေ့နေရသူများဖြစ်သဖြင့် ထိုသူတို့၏ အကြံဉာဏ်များကို အလေးထားပြုပြင်ခြင်းကိုလည်း ဆောင်ရွက်သင့်သည်။ အခြားတစ်ခုမှာ ပြောင်းလဲတိုးတက်နေသော နည်းပညာများကို လုပ်ငန်းအတွက် အမီလိုက်နိုင်ရန်လည်း လိုအပ်သည်။ သို့မှသာ အောင်မြင်၍ ရေရှည်တိုးတက်သော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ထွန်းလာပါမည်။

ကျွန်တော်တို့ငယ်စဉ်က သံပြိုင်ရွတ်ခဲ့ရသော မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်ဆိုသကဲ့သို့ စီးပွားရေးလုပ်ငန်းများတွင်လည်း မိမိစိတ်ကို၊ မိမိကိုယ်ကို အရင်ကောင်းအောင် ကြိုးစားလျှင် အောင်မြင်မှုကိုရရှိလာမည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– Stephen Covey's The 7 Habits of Highly Effective People.**

## သစ်ပင်အိုဥဒါန်း

– ပင်စည်က ကျောက်ဖြစ်စေ
အောက်အမြစ်တွေ ရှင်သန်ဆဲ၊
ပင်ခြေမှာ အညွန့်အတက်
ထွက်လို့နေမြဲ။

– ထို့အတူ ဘဝထဲမှာဖြင့်
အခက်ခဲတို့ ကြုံလျှင်လေ
ကြောက်ရွံ့မနေ၊
ဖွဲတင်းပြီး ရှေ့ဆက်စေ
နေ့ရက်တွေ မကုန်သရွေ့၊
သစ်ပင်အို သာဓကကို
ယူကြမယ်ဟေ့။

– လောကဓံကို ရင်ဆိုင်တွေ့
သင်နိုင်ပေ့ အခုခါ၊
အညွန့်တွေ တလူလူတက်
အခက်ဝေဆာ၊
အပွင့်အသီး စုံလင်စွာ
သာရကာ ပျော်ရွှင်မြူး၊
နောက်တစ်ဖန် ပင်ပျိုဘဝ
ရလိမ့်အထူး။ ။

မောင်လူစိုး

# ပဲခူးမြို့နယ် သူဌေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သူဌေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သူဌေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် သန်း ၃၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သုတ

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ဟော်မုဇ်ရေလက်ကြားကို အမေရိကန်နယ်မြေအဖြစ် ကြေညာမည်ဟု သမ္မတဒေါ်နယ်ထရမ့်ပြောကြား



**ဝါရှင်တန် ဩဂုတ် ၁၅**

အီရန်ကိုအနိုင်ယူပြီး မကြာမီကာလအတွင်း ဟော်မုဇ်ရေလက်ကြားကို အမေရိကန်နိုင်ငံ၏ ပိုင်နက်နယ်မြေ တစ်စိတ်တစ်ပိုင်းအဖြစ် ကြေညာမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နယူးယောက်ပြည်နယ် ရဲတပ်ဖွဲ့လေ့ကျင့်ရေးအကယ်ဒမီ တစ်ခု၌ ဩဂုတ် ၁၄ ရက်တွင် ကျင်းပခဲ့သော နိုင်ငံရေးဆွေးနွေးပွဲတွင် သမ္မတ ဒေါ်နယ်ထရမ့်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အမေရိကန်နိုင်ငံအနေဖြင့် အီရန်ကို ရေကြောင်းပိတ်ဆို့မှုပြုလုပ်ထားရာ မိမိတို့၏ ဆန္ဒမပါဘဲ မည်သည့်ရေယာဉ်မျှ ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းနိုင်မည် မဟုတ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းကို ထောက်ခံသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

အီရန်၏ နျူကလီးယားအစီအစဉ်ကို တားဆီးရေးအကြောင်းပြချက်ဖြင့် အမေရိကန်နှင့်အစ္စရေးနိုင်ငံတို့က ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်ကိုစစ်ရေးအရ တိုက်ခိုက်ခဲ့ရာ အီရန်ကလည်း ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ထားခြင်းဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်။

လက်ရှိတွင် အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ဟော်မုဇ်ရေလက်ကြားကို ထိန်းချုပ်နိုင်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကိုရီးယားကျွန်းဆွယ် ဂျပန်လက်အောက်မှ လွတ်မြောက်မှု အထိမ်းအမှတ်သဝဏ်လွှာ မြောက်ကိုရီးယားသို့ ရုရှားသမ္မတ ပေးပို့

**မော်စကို ဩဂုတ် ၁၅**

ကိုရီးယားကျွန်းဆွယ် ဂျပန်ကိုလိုနီ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်မှု နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံ သဝဏ်လွှာပေးပို့ခဲ့ကြောင်း ရုရှားသမ္မတ ပူတင်က ယနေ့တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။



ရုရှားနှင့် မြောက်ကိုရီးယားတို့အနေဖြင့် နယ်ပယ်အားလုံးတွင် ပူးပေါင်းဆောင်ရွက်နေပြီး ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာရေးရာများတွင် အပြုသဘောဆောင်သည့် ပူးတွဲဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်နိုင်မည်ဟုမိမိယုံကြည်ထားကြောင်း အဆိုပါသဝဏ်လွှာ၌ ရုရှားသမ္မတပူတင်က ပြောကြားထားသည်ဟု မြောက်ကိုရီးယားအစိုးရ၏ ကေစီအင်န်အေ သတင်းဌာနက ထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယနေ့တွင် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်များကို တိုက်ပွဲဝင်ခဲ့သည့် ဆိုဗီယက်စစ်သည်များကို ပန်းခွေချ ဂါရဝပြုရန် ပြုံယမ်းမြို့ရှိ လွတ်မြောက်ရေးမျှော်စင်သို့ သွားရောက်ခဲ့သည်။

ရုရှားသမ္မတ၏ သဝဏ်လွှာနှင့် မြောက်ကိုရီးယား ခေါင်းဆောင်၏ အဆိုပါခရီးစဉ်တို့သည် ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး ခိုင်မာမှုအတိုင်းအဆကို ပြသလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကိုရီးယားကျွန်းဆွယ်စစ်ပွဲ တရားဝင်ပြီးဆုံးရေး တွေ့ဆုံဆွေးနွေးရန် တောင်ကိုရီးယားသမ္မတ အဆိုပြု

**ဆိုးလ် ဩဂုတ် ၁၅**

ကိုရီးယား ကျွန်းဆွယ်စစ်ပွဲကို တရားဝင် အဆုံးသတ်ရေးအတွက် မြောက်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးရန် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ယနေ့တွင် အဆိုပြုခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကိုရီးယားကျွန်းဆွယ် ဂျပန်ကိုလိုနီ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်မှု နှစ်ပတ်လည်အထိမ်းအမှတ်မိန့်ခွန်းတွင် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ထိုသို့ အဆိုပြုခဲ့ခြင်းဖြစ်သည်။

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတို့အနေဖြင့် တစ်ဖက်နှင့်တစ်ဖက်ခြိမ်းခြောက်ရေး ရည်ရွယ်ချက်များကိုစွန့်လွှတ်၍ ကိုရီးယားကျွန်းဆွယ်စစ်ပွဲ တရားဝင်ပြီးဆုံးရေးအတွက် တွေ့ဆုံဆွေးနွေးသင့်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ပြောကြားခဲ့သည်။

၁၉၅၀-၁၉၅၃ ခုနှစ် ကိုရီးယားကျွန်းဆွယ်စစ်ပွဲသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့်သာ ပြီးဆုံးခဲ့ခြင်းဖြစ်ရာ လက်ရှိတွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှာ စစ်ရေးပဋိပက္ခများ ဖြစ်နေဆဲအခြေအနေတွင်သာ ရှိသေးသည်။

သို့ရာတွင် ကိုရီးယားကျွန်းဆွယ်စစ်ပွဲ တရားဝင်ပြီးဆုံးရေးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် နေရာတွင် ငြိမ်းချမ်းရေး သဘောတူညီချက်ဖြင့် အစားထိုးရန်လိုကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ပြောကြားထားသည်။

လက်ရှိတွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးမှာ တင်းမာနေဆဲဖြစ်ပြီး တောင်ကိုရီးယားသမ္မတလီဂျေးမြောင်၏ တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်များကို မြောက်ကိုရီးယားအစိုးရက ပယ်ချထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုအိဇူမိ ယာဆူကူနီ ဂူဗိမာန်သို့ သွားရောက်

**တိုကျို ဩဂုတ် ၁၅**

ဂျပန် ကာကွယ်ရေးဝန်ကြီး ကိုအိဇူမိသည် တိုကျိုမြို့ရှိ ယာဆူကူနီဂူဗိမာန်သို့ ယနေ့တွင် သွားရောက်ဂါရဝပြုခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဂျပန် ကာကွယ်ရေးဝန်ကြီး ကိုအိဇူမိသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်များလက်နက်ချ အညံ့ခံမှု ၈၁ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ယာဆူကူနီ ဂူဗိမာန်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ဂျပန် ကာကွယ်ရေးဝန်ကြီးအပြင် ဂျပန်စီးပွားရေးလုံခြုံမှု ဝန်ကြီး ကီမီအိုနိုဒါလည်း ယာဆူကူနီ ဂူဗိမာန်သို့ သွားရောက်ခဲ့ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂျပန် ကာကွယ်ရေးဝန်ကြီး ကိုအိဇူမိ၏ ယာဆူကူနီ ဂူဗိမာန် ခရီးစဉ်ကို ဂျပန်၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့် တောင်ကိုရီးယား နိုင်ငံတို့က ဝေဖန်ရှုတ်ချခဲ့ကြောင်းသိရသည်။

တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် စစ်ရေးပဋိပက္ခများအတွင်း ကျဆုံးခဲ့သော ဂျပန်စစ်သည်များအတွက် ရည်စူးတည်ဆောက်ထားသည့် ယာဆူကူနီ ဂူဗိမာန်ကို ဂျပန်၏စစ်ရေးပဋိပက္ခကာလ ဗိုလ်ကျမှု၏ သင်္ကေတအဖြစ် မှတ်ယူထားသည်။

လက်ရှိဂျပန်ဝန်ကြီးချုပ် တာကာအိချီသည် ဝန်ကြီးချုပ်ရာထူး မရယူမီက ယာဆူကူနီ ဂူဗိမာန်သို့ အကြိမ်ကြိမ် သွားရောက်ခဲ့ဖူးသော်လည်း ယနေ့တွင် ကိုယ်တိုင်သွားရောက်မှုမရှိခဲ့ဘဲ လှူဖွယ်ပစ္စည်းများသာ ပေးပို့ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# စီယူတာမြို့တွင်း၌ လုံခြုံရေးအင်အားစပိန်မြှင့်တင်

**မက်ဒရစ် ဩဂုတ် ၁၅**

တရားမဝင် ဝင်ရောက်လာနိုင်သူများကို တားဆီးရေးအတွက် စပိန်နိုင်ငံသည် မြောက်အာဖရိကဒေသရှိ စီယူတာမြို့၌ ရဲတပ်ဖွဲ့နှင့် စစ်အင်အားမြှင့်တင်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

စပိန်နှင့် မော်ရိုကို နယ်စပ်စည်းကို ဖြတ်ကျော်၍ စီယူတာမြို့တွင်းသို့ ထပ်မံဝင်ရောက်ရန်ရွှေ့ပြောင်းဝင်ရောက်သူများကို တိုက်တွန်းမှုများ လူမှုမီဒီယာစာမျက်နှာများပေါ်တွင် ပေါ်ထွက်လာခဲ့ပြီးနောက် စပိန်အစိုးရက စီယူတာမြို့၌ လုံခြုံရေးအင်အားမြှင့်တင်ထားခြင်းဖြစ်သည်။

လက်ရှိတွင် စီယူတာမြို့တွင်း၌ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ နေရာယူထားပြီး ရဲတပ်ဖွဲ့ကလည်း ကင်းလှည့်နေကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားထားသည်။



ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်တွင် စီယူတာမြို့တွင်းသို့ မော်ရိုကိုနိုင်ငံဘက်ခြမ်းမှ တစ်ဆင့် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၇၂၀၀၀ ကျော် ဝင်ရောက်လာခဲ့ရာ စပိန်နိုင်ငံအနေဖြင့် လူဝင်မှု ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရသည်။

အဆိုပါ ရွှေ့ပြောင်းဝင်ရောက်သူများသည် စီယူတာမြို့တွင်းသို့ နယ်စပ်စည်းရိုးကို ကျော်ဖြတ်၍ သော်လည်းကောင်း၊ ပင်လယ်ရေပြင်ကို လက်ပစ်ကူး၍သော်လည်းကောင်း ဝင်ရောက်လာခြင်းဖြစ်သည်။

ထိုကဲ့သို့ စီယူတာမြို့တွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းစဉ် ရွှေ့ပြောင်းဝင်ရောက်သူ ၉၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်သိပ္ပံပညာရှင်များက နေ၏မျက်နှာပြင်ကို ပုံရိပ်အရည်အသွေး အကြည်လင်ဆုံးနှင့် အသေးစိတ်အကျဆုံးဓာတ်ပုံများရိုက်ကူး၍ လေ့လာစူးစမ်းနိုင်ခဲ့



ဝါရှင်တန် ဩဂုတ် ၁၅

အမေရိကန် သိပ္ပံပညာရှင်များသည် နေ၏မျက်နှာပြင်ကို ပုံရိပ်အရည်အသွေးအကြည်လင်ဆုံးနှင့် အသေးစိတ်အကျဆုံးဓာတ်ပုံများ ရိုက်ကူး၍ လေ့လာစူးစမ်းနိုင်ခဲ့ကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အဆိုပါဓာတ်ပုံများကို ဟာဝိုင်ရီကျွန်းအခြေစိုက် အင်အက်အက်ဖ်အိုင်နီယီ နေလေ့လာရေးရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်အက်အက်ဖ်အိုင်နီယီ နေလေ့လာရေးရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာပေါ်၌ စွမ်းဆောင်ရည်အမြင့်မားဆုံး နေလေ့လာရေးရေဒီယိုတယ်လီစကုပ် ဖြစ်ကြောင်း သိရသည်။

အဆိုပါရေဒီယိုတယ်လီစကုပ်ဖြင့်ရိုက်ကူးထားသော ဓာတ်ပုံများထဲတွင် နေစွမ်းအင်ပေါက်ကွဲမှုအနားစွန်းရှိ သံလိုက်စက်ကွင်းလှုပ်ရှားမှုနယ်မြေများကို တွေ့မြင်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်အက်အက်ဖ်အိုင်နီယီ နေလေ့လာရေးရေဒီယိုတယ်လီစကုပ်ဖြင့် ရိုက်ကူးခဲ့သည့် အထက်ပါဓာတ်ပုံများသည် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများကို ခန့်မှန်းရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

နေမျက်နှာပြင် စွမ်းအင်ပေါက်ကွဲမှုများသည် ကမ္ဘာမြေပေါ်ရှိ ဆက်သွယ်ရေး ဂြိုဟ်တုများနှင့် ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများကို နှောင့်ယှက်ဖျက်ဆီးနိုင်သော ဖြစ်စဉ်များဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# Upadacitinib သောက်ဆေးတစ်မျိုးက ထိပ်ပြောင်မှုပြဿနာကို ကုသပေးနိုင်ဖွယ်ရှိ

လန်ဒန် ဩဂုတ် ၁၅

အရိုးအဆစ်ရောင်ရမ်းမှုရောဂါနှင့် Crohn's Disease ရောဂါများအတွက်အသုံးပြုသည့် Upadacitinib သောက်ဆေးတစ်မျိုးသည် ဆံပင်ကျွတ် ထိပ်ပြောင်မှုပြဿနာကို ကုသပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Upadacitinib ဆေးကိုသုံးစွဲပြီး ခြောက်လအကြာတွင် ဆံပင်ကျွတ်ထိပ်ပြောင်မှုပြဿနာရှိနေသူ ထက်ဝက်ကျော်တို့တွင် ဆံပင်များ ပြန်လည် ပေါက်လာကြောင်း သိရသည်။

ဆံပင်ကျွတ် ထိပ်ပြောင်မှုပြဿနာ(Alopecia Areata)သည် အသက် ၅၀ မတိုင်မီ အမျိုးသား ၈၅ ရာခိုင်နှုန်းတို့ အတိုင်းအတာတစ်ခုအရ တွေ့ကြုံရတတ်သည့် ပြဿနာတစ်ခုဖြစ်သည်။

ထို့ပြင် Alopecia Areata ပြဿနာသည် အသက် ၆၅ နှစ်အရွယ် အမျိုးသမီး ၅၀ ရာခိုင်နှုန်းတို့ ခံစားနေရသည့်ပြဿနာလည်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Upadacitinib ဆေးသည် Alopecia Areata ပြဿနာအတွက် ကုထုံးတစ်ရပ်ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Alopecia Areata ပြဿနာရှိနေသည့် လူနာဦးရေ ၁၄၀၀ ပါဝင်သော လေ့လာချက်နှစ်ခုကို ပြန်လည်ဆန်းစစ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်

ဝါရှင်တန် ဩဂုတ် ၁၅

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဩဂုတ် ၁၃ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။



အဆိုပါစတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွေ ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့သည်။

အဆိုပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ဩဂုတ် ၁၃ ရက်တွင် လွှတ်တင်ခဲ့သည့် ဒုတိယမြောက် စတားလင့်ခ်ဂြိုဟ်တု မစ်ရှင်ဖြစ်ကြောင်း၊ အဆိုပါမစ်ရှင်မတိုင်မီ စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၈ စင်းကို ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်ပေါင်း ၉၄ ခုထိ လွှတ်တင်ထားပြီးဖြစ်ရာ မစ်ရှင် ၇၃ ခုမှာ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သောမစ်ရှင်များဖြစ်သည်။

ဩဂုတ် ၁၃ ရက် စတားလင့်ခ်မစ်ရှင်နှစ်ခုလွှတ်တင်ချိန်မှာ တစ်ခုနှင့်တစ်ခု ၁၂ နာရီကျော် ကွာခြားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# သွေးကျဲဆေးများက အယ်ဇိုင်းမားရောဂါ အခြေအနေဆိုးရွားလာမှုကို လျှော့ချနိုင်

စတော့ဟုမ်း ဩဂုတ် ၁၅

သွေးကျဲဆေးများသည် ဦးနှောက်ဆီသို့ သွေးစီးဆင်းဝင်ရောက်မှုကို မြှင့်တင်ပေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါ အခြေအနေဆိုးရွားလာမှုကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

သွေးကျဲဆေးများသည် နှလုံးခုန်နှုန်းမမှန်မှုပြဿနာ(Atrial Fibrillation)ရှိနေသူများ သုံးစွဲကြရသည့် ဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဆွီဒင်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးကျဲဆေးများသည် ဦးနှောက်ဆီသို့ သွေးစီးဆင်းဝင်ရောက်မှု မြှင့်တင်ပေးခြင်းဖြင့် အယ်ဇိုင်းမားလူနာများ၏ တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကျဆင်းလာမှုအရှိန်ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နှလုံးခုန်နှုန်းမမှန်ပြဿနာအတွက် သွေးကျဲဆေးများသုံးစွဲမှုသည် အယ်ဇိုင်းမားရောဂါအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်သည်ကို တွေ့ရကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် နောက်ပိုင်းပေါ်ထွက်လာသည့် Rivaroxaban ကဲ့သို့ သွေးကျဲဆေးများသုံးစွဲသူများတွင် အထက်ပါအကျိုးသက်ရောက်မှုကို ထင်ထင်ရှားရှားတွေ့ရကြောင်းသုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO



# နိုင်ငံတကာသိပ္ပံပညာရှင်များက J 0148-4214 ကြယ်စုတစ်ခုအတွင်း သက်ဝင်လှုပ်ရှားနေသည့် မဟာအာကာသတွင်းနက်သုံးခုကို ဖော်ထုတ်တွေ့ရှိထား

ဘာလင် ဩဂုတ် ၁၅

ဂျာမနီနိုင်ငံ မက်ပလန့်သုတေသနအင်စတီကျုမှ သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်များသည် J 0148-4214 အမည်ရှိ ကြယ်စုတစ်ခုအတွင်း သက်ဝင်လှုပ်ရှားနေသည့် မဟာအာကာသတွင်းနက်သုံးခုကို ဖော်ထုတ် တွေ့ရှိထားကြောင်း ဩဂုတ် ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ မဟာအာကာသတွင်းနက်သုံးခုတို့သည် ၎င်းတို့၏ ဝန်းကျင်ရှိ အာကာသဒြပ်ထုများကို ဝါးမျိုနေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များ အနေဖြင့် ကြယ်စုတစ်ခုအတွင်း သက်ဝင်လှုပ်ရှားနေသော မဟာအာကာသတွင်းနက်သုံးခု တည်ရှိနေမှုကို ပထမဆုံးအကြိမ်ဖော်ထုတ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ မဟာအာကာသတွင်းနက်သုံးခုအနက် နှစ်ခုမှာ ကြယ်စု၏ဗဟိုချက်၌ တည်ရှိပြီး တစ်ခုနှင့်တစ်ခု အလင်းနှစ် ၆၂၀ ကွာဝေးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျန်မဟာအာကာသတွင်းနက်တစ်ခုမှာ ကြယ်စု၏ အပြင်ပိုင်း၌ တည်ရှိပြီး ကြယ်စုဗဟိုချက်နှင့် အလင်းနှစ် ၅၅၀၀ ခန့် ကွာဝေးကြောင်း သိရသည်။

J 0148-4214 ကြယ်စုသည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီးနှစ်ပေါင်း ၁ ဒသမ ၂ ဘီလီယံအကြာတွင် ပေါ်ထွက်လာခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# National Bank Open အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကျန်ရှုအိုင်တို့အတွဲ ဆွတ်ခူး

**တိုရွန်တို ဩဂုတ် ၁၅**

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပခဲ့သည့် National Bank Open အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် တရုတ်တင်းနစ်မယ် ကျန်ရှုအိုင်နှင့် ချက်တင်းနစ်မယ် စီနီယာကိုဗာတို့ အတွဲက အီတလီတင်းနစ်မယ် အာရာနီနှင့် အမေရိကန်တင်းနစ်မယ်မာတီနက်ဇ်တို့ အတွဲနှင့် ယှဉ်ပြိုင်ခဲ့ရာ ကျန်ရှုအိုင်နှင့် စီနီယာကိုဗာတို့အတွဲက (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရပြီးချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကျန်ရှုအိုင်အတွက် ၂၀၂၆ ခုနှစ်အတွင်း အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲများတွင် လေးကြိမ်မြောက်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ၁၉ ကြိမ်မြောက်ရရှိခဲ့သည့် ဆုဖလားလည်း ဖြစ်သည်။

ကျန်ရှုအိုင်က "တိုရွန်တိုမှာ ချန်ပီယံဖြစ်ခွင့်ရချင်တဲ့ ကျွန်မရဲ့ဆန္ဒတွေပြည့်ဝခဲ့လို့ ဝမ်းသာပါတယ်။ မနှစ်ကတည်းက ဒီပြိုင်ပွဲမှာချန်ပီယံဖြစ်ဖို့ နီးစပ်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ကပ်လွဲသွားခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ ဒီနှစ်မှာတော့ ကျွန်မအနေနဲ့ စီနီယာကိုဗာနဲ့တွဲပြီးတော့ အောင်မြင်မှုတွေ ဆက်တိုက်ရယူထားနိုင်ပါတယ်။ စီနီယာကိုဗာနဲ့ ကျွန်မကြား နားလည်မှုရှိတဲ့အတွက် အခုလိုအတွဲညီညီ အောင်မြင်မှုတွေ ရယူနိုင်ခဲ့ခြင်း ဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**
**Trs : AZL**



# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၁၃)ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲကရန်ကုန်မြို့ ဗဟန်း အားကစားကွင်းတွင် ဟံသာဝတီ ယူနိုက်အသင်းနှင့် စစ်ကိုင်း ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၂ မိနစ်နှင့်မိနစ် ၈၀ တွင် အောင်ဇော်ဦး၊ ပွဲချိန် ၄၅ မိနစ်၊ ၆၄ မိနစ်၊ မိနစ် ၇၀ တို့တွင် သူရညီညီတို့ကသွင်းယူခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၅ မိနစ်ပြည့်ပြီးအချိန်ပို ၃ မိနစ်တွင် ပိုင်သက်ဦးနှင့်ပွဲချိန် ၇၈ မိနစ်တွင် ဒေးဂျာတို့ကသွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုတစ်မိနစ်တွင် သျှားကိုကိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များအဖြစ် ဩဂုတ် ၁၆ ရက်ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းအားကစားကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအက်ဖ်စီ အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ရှက်တာဒိုးနက်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲအိမ်ကွင်းပွဲစဉ်များအတွက် ချဲလ်ဆီးအသင်းအိမ်ကွင်းကို ငှားရမ်းအသုံးပြုမည်

**လန်ဒန် ဩဂုတ် ၁၅**

ယူကရိန်းကလပ်ရှက်တာဒိုးနက်အသင်းက လာမည့်ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုပွဲစဉ် အိမ်ကွင်းပွဲစဉ်များအတွက် ချဲလ်ဆီးအသင်းအိမ်ကွင်း ဖြစ်သည့် Stamford Bridge အားကစားကွင်းကို ငှားရမ်း အသုံးပြုမည်ဖြစ်ကြောင်း Sky News သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရှက်တာဒိုးနက် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိထားသော်လည်း ယူကရိန်းနိုင်ငံအတွင်း လုံခြုံရေးပိုင်းနှင့် ပတ်သက်ပြီး စိတ်ချရခြင်း မရှိသည့်အတွက် အိမ်ကွင်းလက်ခံ ကစားရမည့် ပွဲစဉ်များကို ပြည်ပနိုင်ငံများတွင် ကျင်းပရမည်ဖြစ်သည်။

ရှက်တာဒိုးနက် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အိမ်ကွင်း ပွဲစဉ်များကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်သာ ကျင်းပလိုသည့်အတွက် လန်ဒန်မြို့အခြေစိုက် ကလပ် အသင်းများမှ ချဲလ်ဆီးအသင်းအိမ်ကွင်း Stamford Bridge အားကစားကွင်းတွင်သာ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ရှက်တာဒိုးနက် အသင်းသည် အစောပိုင်း နှစ်များကလည်း အသင်းအိမ်ကွင်း ပွဲစဉ်များကို ယူကရိန်းနိုင်ငံတွင် ကျင်းပနိုင်ခြင်းမရှိသည့်အတွက် ဥရောပနိုင်ငံများဖြစ်သည့် ဂျာမနီနိုင်ငံ၊ ဆလိုဗေးနီးယားနိုင်ငံ၊ ပိုလန်နိုင်ငံတို့ရှိ အားကစားကွင်းများတွင် လက်ခံကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sky News**
**Trs : STA**

# PGA Tour St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို စကော့တီရှက်ဖလာဦးဆောင်

**တန်နက်ဆီ ဩဂုတ် ၁၅**

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ် မမ်ဖစ်မြို့တွင်ကျင်းပနေသည့် PGA Tour St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နော်ဝေဂေါက်သီးရိုက် ကစားသမား ဟိုဗ်လန်းနှင့် တောင်ကိုရီးယားဂေါက်သီးရိုက် ကစားသမား ဆန်ဂျေအင်မ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး ဆွီဒင်ဂေါက်သီးရိုက်ကစားသမားလက်ဗစ်အဘာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၇ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ရပ်တည်နေသည်။

စကော့တီရှက်ဖလာ က "ကျွန်တော်လဲ ပထမနေ့ကတည်းက ရလဒ်ကောင်း ရဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ ပထမနေ့ရလဒ်ကတော့ စိတ်ပျက်စရာကောင်းခဲ့ပါတယ်။ ပထမနေ့ရဲ့ အမှားတွေကို အကောင်းဆုံး ပြင်ဆင်နိုင်အောင် ကြိုးစားခဲ့တဲ့အတွက် ဒုတိယနေ့မှာတော့ ထင်မှတ်မထားလောက်အောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**
**Trs : AZL**

# WBO အဖွဲ့ချုပ်က WBO ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ရှီရက်ဇ်ကို ဂျန်နီဘက်ခ်နှင့် ထိုးသတ်ရန်ညွှန်ကြား

**ဆန်ဂျူအန် ဩဂုတ် ၁၅**

ပွာတိုရီကိုနိုင်ငံတွင် အခြေစိုက်သည့် WBO လက်ဝှေ့အဖွဲ့ချုပ်က WBO ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား ရှီရက်ဇ်ကို ချန်ပီယံစိန်ခေါ်ခွင့် ရထားသည့် ကာဇက်စတန် လက်ဝှေ့သမား ဂျန်နီဘက်ခ်နှင့် ထိုးသတ်ရန် ညွှန်ကြားခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နီဘက်ခ်သည် WBO၊ IBF လက်ရှိတွင် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း၏ ရှုံးပွဲမရှိသေးသည့် ချန်ပီယံတစ်ဦးဖြစ်ပြီး ဝိတ်တန်းမြှင့်ကာ မတူညီသောဝိတ်တန်းတွင် ချန်ပီယံခါးပတ်ဆွတ်ခူးနိုင်ရန်



လက်ရှိ ချန်ပီယံဖြစ်သူ ရှီရက်ဇ်ကို စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံစိန်ခေါ်ခွင့်ရထားသည့် ဂျန်နီဘက်ခ်၏စိန်ခေါ်မှုကို ရှီရက်ဇ် အနေဖြင့် ငြင်းဆန်ခွင့်မရှိသည့်အတွက် လက်ခံရမည်ဖြစ်သည်။

WBO လက်ဝှေ့အဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "စည်းမျဉ်းစည်းကမ်းအရ ဂျန်နီဘက်ခ်ဟာ WBO ကမ္ဘာ့စူပါမစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံကို စိန်ခေါ်ခွင့်ရှိသူပါ။ သူ့အနေနဲ့လဲ လက်ရှိချန်ပီယံကို စိန်ခေါ်ထိုးသတ်ချင်တဲ့ အတွက်ကြောင့် လက်ရှိချန်ပီယံ ရှီရက်ဇ်ကို ချန်ပီယံ ကာကွယ်ပွဲစဉ်ထိုးသတ်သွားဖို့ ညွှန်ကြားလိုက်ပါတယ်။ နှစ်ဖက်အသင်း ဆွေးနွေးညှိနှိုင်းမှုကို ရက် ၂၀ အတွင်း အပြီးသတ် ဆွေးနွေးသွားရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Boxing Scene**
**Trs : AZL**

# ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ




ရန်ကုန် ဩဂုတ် ၁၅

၂၀၂၄ ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့မွန်းတည့် ၁၂ နာရီမှ စတင်ပြီး ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် တိုင်းဒေကြီးနှင့် ပြည်နယ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲ အမျိုးသားကီလို ၆၀ တန်းကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရာဇာထွန်း (စစ်ကိုင်း)နှင့် လှိုင်မျိုးထွန်း (ကချင်)တို့ထိုးသတ်ခဲ့ရာ လှိုင်မျိုးထွန်း(ကချင်)၊ ဝေါယောဇက် (ရန်ကုန်)နှင့် လွင်စံထူး(မွန်)တို့ ထိုးသတ်ခဲ့ရာ လွင်စံထူး (မွန်)၊ ခန့်ဇင်ကျော်(ဧရာဝတီ) နှင့် သန်းလင်းအောင်(ပဲခူး) တို့ ထိုးသတ်ခဲ့ရာ သန်းလင်းအောင် (ပဲခူး)၊ သူထူးအောင်(တနင်္သာရီ) နှင့် သန်းဇော်ဦး(နေပြည်တော်) တို့ထိုးသတ်ခဲ့ရာ သန်းဇော်ဦး (နေပြည်တော်) တို့က အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသား ၆၃ ဒသမ၅ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကောင်းခန့်ဇော်(မန္တလေး)နှင့် အောင်ခန့်ဖြိုး (ကရင်)တို့ထိုးသတ်ခဲ့ရာ ကောင်းခန့်ဇော်(မန္တလေး)၊ ဘတ်နတ်ဒက်ဂျန်း(ကယား)နှင့် မင်းခန့်ဇော် (ရန်ကုန်)တို့ ထိုးသတ်ခဲ့ရာ မင်းခန့်ဇော်(ရန်ကုန်)၊ မင်းခန့်သူ (ရှမ်း)နှင့် မြင့်အေး(မွန်)တို့ ထိုးသတ်ခဲ့ရာ မြင့်အေး(မွန်)၊ အောင်အောင်ဟိန်း(ကချင်) နှင့် လွင်ကိုကိုထက်(ပဲခူး)တို့ ထိုးသတ်ခဲ့ရာ လွင်ကိုကိုထက်(ပဲခူး) တို့က အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၆၇ ကီလိုတန်း ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် အောင်ကျော်မျိုး(မွန်)နှင့် နန္ဒ(မန္တလေး)တို့ထိုးသတ်ခဲ့ရာ နန္ဒ(မန္တလေး)၊ လမိုင်ဗျင်းအောင်(ကချင်)နှင့် ဟိန်းထက်(စစ်ကိုင်း)တို့ထိုးသတ်ခဲ့ရာ ဟိန်းထက်(စစ်ကိုင်း)၊ အောင်သန်းဇော်မြင့်(ကရင်)နှင့် အောင်ဟိန်းစွမ်း(ဧရာဝတီ)တို့ ထိုးသတ်ခဲ့ရာ အောင်ဟိန်းစွမ်း(ဧရာဝတီ) တို့က အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ထို့နောက် အမျိုးသမီး ၅၄ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နန်းနွဲ့နွဲ့နောင်(ကရင်)နှင့် သဉ္ဇာမင်း(ရန်ကုန်) တို့ ထိုးသတ်ခဲ့ရာ နန်းနွဲ့နွဲ့နောင်(ကရင်)၊ ထက်ထက်ဝေ(မန္တလေး) နှင့် ကော်ရက်တီ(ကယား)တို့ထိုးသတ်ခဲ့ရာ ကော်ရက်တီ (ကယား) တို့က အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ဩဂုတ်လအတွက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု အဆင့်သတ်မှတ်ချက်တွင် ပြင်သစ်နှင့်ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘာတ်ပီ ထိပ်ဆုံးမှဦးဆောင်

ပဲရစ် ဩဂုတ် ၁၅

ဩဂုတ်လအတွက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု (Ballon d’Or) အဆင့်သတ်မှတ်ချက်တွင် စပိန်အသင်းကစားသမားများကို ကျော်ဖြတ်ပြီး ပြင်သစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး အမ်ဘာတ်ပီက ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း One Footballသတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘာတ်ပီသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့သကဲ့သို့ ၂၀၂၄ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ပြင်သစ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံးမှ ဦးဆောင်နေခြင်း ဖြစ်သည်။

ကမ္ဘာ့ အကောင်းဆုံးကစားသမားဆုအတွက် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှစွမ်းဆောင်ရည်များကလည်း အဆင့်သတ်မှတ်ချက်အပေါ်တွင် များစွာမူတည်နေပြီး အမ်ဘာတ်ပီသည် ပြင်သစ်အသင်းနှင့် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ခြင်းမရှိသော်လည်း အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူခဲ့ပြီး သွင်းဂိုးအများဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့သူဖြစ်သည်။

ဩဂုတ်လအတွက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု အဆင့်သတ်မှတ်ချက်၌ အမ်ဘာတ်ပီ၏ နောက်တွင်အင်္ဂလန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း၊ ပြင်သစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီ၊ ဂျော်ဂျီယာအသင်းနှင့် ပီအက်စ်ဂျီအသင်းမှ ခါဗာရက်ခ်ီလီယာ၊ အင်္ဂလန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းမှအိုလီဆီတို့က အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။

Ref : One Football
Trs : STA



# နယူးကာဆယ်အသင်းက ကစားသမားသစ်ခြောက်ဦးခေါ်ယူရန် စတာလင်ပေါင် သန်း ၁၇၀ ခန့်အသုံးပြုခဲ့

လန်ဒန် ဩဂုတ် ၁၅

ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသည် လက်ရှိ နွေရာသီအပြောင်းအရွှေ့ ကာလအတွင်း ကစားသမားသစ် ခြောက်ဦးခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၇၀ ခန့် အသုံးပြုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နယူးကာဆယ်အသင်းသည် နည်းပြသစ် မာသီးယက်စ် လက်ထက်တွင် ပြင်သစ်ကလပ် ရိမ်းအသင်းမှ ဂိုးသမားအီဝန်၊ ဂျာမန်ကလပ် ဟော်ဖန်ဟိမ်းအသင်းမှ တိုရေး၊ အေဂျက်အသင်းမှ ရှောင်စတီအာ၊ မိုနာကိုအသင်းမှ ဘမ်ဘာ၊ ဘရာဂါအသင်းမှ ဂိုးသမား ဟော်နီဆက်ခ်၊ ဘင်ဖီကာအသင်းမှ ဒီဒစ်တို့ကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၁၇၀ ခန့် အသုံးပြုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နယူးကာဆယ်အသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလ စတင်ကတည်းက အသင်းမှ တိုက်စစ်ကစားသမား ဂေါ်ဒွန်ကို ဘာစီလိုနာအသင်း၊ ကွင်းလယ်ကစားသမား ဂူမာရေ့စ်ကို အာဆင်နယ်အသင်း၊ ကွင်းလယ် ကစားသမား တိုနာလီကို စပါးအသင်းတို့သို့ ရောင်းချခဲ့ရာမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၃၅ သန်းထိ ရရှိခဲ့သည့်အတွက် ကစားသမားသစ်ခေါ်ယူရန် ငွေကြေးသုံးစွဲမှုများ ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အီတလီအသင်းနှင့် လာဇီယိုအသင်းကစားသမားဟောင်း အမ်မိုဘီလီကြေညာ

ရောမ ဩဂုတ် ၁၅




အီတလီအသင်းနှင့် လာဇီယိုအသင်း ကစားသမားဟောင်း အမ်မိုဘီလီက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်ဟု 433.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၆ နှစ်ရှိ အမ်မိုဘီလီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၀၈ခုနှစ်က စတင်ခဲ့သော်လည်း ဂျူဗင်တပ်အသင်းတွင် ပွဲကစားခွင့်နည်းပါးခဲ့သည့်အတွက် စီဆီနာအသင်း၊ ပက်ကာရာအသင်း၊ ဂျီနိုအာအသင်း၊ တိုရီနိုအသင်း၊ ဆီဗီလာအသင်း အစရှိသည့်အသင်းများတွင် အငှားစာချုပ်များဖြင့်ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ထို့နောက် အမ်မိုဘီလီသည် ၂၀၁၆ခု နှစ်က လာဇီယိုအသင်းသို့ အပြီးသတ် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်း အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ သွင်းဂိုးများစွာ သွင်းယူခဲ့ပြီး ဥရောပတွင် အကောင်းဆုံး တိုက်စစ်ကစားသမားများမှ တစ်ဦးအပါဝင် ရပ်တည်ခဲ့သူဖြစ်သည်။

သို့သော် အမ်မိုဘီလီသည် နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရပြီး ၂၀၂၄ ခုနှစ်က ဘီဆစ်တပ်အသင်း၊ ဘိုလော့ဂ်နာအသင်း၊ ပဲရစ်အသင်း အစရှိသည့် အသင်းများတွင် ပြောင်းရွှေ့ကစားခဲ့ရာ ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က ပဲရစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အမ်မိုဘီလီသည် လာဇီယိုအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၃၄၀ တွင် သွင်းဂိုး ၂၀၇ ဂိုးထိသွင်းယူခဲ့သကဲ့သို့ အီတလီအသင်းတွင်လည်း ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ပြိုင်ပွဲစုံ ၅၈ ပွဲတွင် သွင်းဂိုး ၂၀ သွင်းယူခဲ့ပြီး ယူရိုဖလားကိုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : 433.com
Trs : STA

# မြန်မာဖူဆယ်လိဂ်ယူ-၁၆ပြိုင်ပွဲ ပွဲစဉ်(၉)ကို ဩဂုတ် ၁၆ ရက်၌ ဆက်လက်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၆ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များကို ဩဂုတ် ၁၆ ရက် နံနက် ၈နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadiumတွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ဩဂုတ် ၁၆ရက် နံနက် ၈နာရီခွဲတွင် SGF Youthအသင်းနှင့် Jull-niss အသင်း၊ နံနက် ၁၀ နာရီတွင် မာရိန်အသင်းနှင့် အဗန်ဂျာလိုင်းယွန်းအသင်း၊ နံနက် ၁၁ နာရီခွဲတွင် ပစိဖိတ်ဆန်းဖားအသင်းနှင့် TKA Starအသင်းတို့ ကစားမည်ဖြစ်သည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် ဗစ်တိုးရီးယားအသင်းနှင့် Bushi-do အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် မဟာဘားမားအသင်းနှင့် မင်းမဟော်အသင်း၊ ညနေ ၄ နာရီတွင် ယူနိုက်တက်စီးတီး အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ကစားမည်ဖြစ်သည်။

မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၈)အပြီးတွင်SGF Youth အသင်းက ရှစ်ပွဲနိုင် ရမှတ် ၂၄မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး ဗစ်တိုးရီးယားအသင်းကလည်း ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၂၁မှတ်ဖြင့်အဆင့်(၂) နေရာမှ ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

STA

# အိန္ဒိယ - စိတ်ချယုံကြည်ရသည့် ပထမဆုံး အကူအညီပေးသောနိုင်ငံ

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ချန်နိုင်းမြို့၏ မာရီနာကမ်းခြေသို့ ပင်လယ်ရေလှိုင်းကြီးတစ်ခု ရိုက်ခတ်သွားပြီး ရေလုပ်သားများနှင့်ခရစ်ကတ်ကစားနေသည့် ကလေးငယ်တစ်စုကို ရေစီးနှင့်အတူ ဆွဲခေါ်သွားခဲ့စဉ်က အဆိုပါသဘာဝဘေးဒဏ်ကို ဒေသတစ်ခုလုံး ရင်ဆိုင်လိုက်ရသည်ကိုလည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်၏ အခြားတစ်ဖက်ရှိ ထိုင်းနှင့်အင်ဒိုနီးရှားကမ်းခြေများ၌ရှိသော ဒေသခံများနှင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများပါ မျောပါသွားခဲ့ရသည်ကိုလည်းကောင်း ၎င်းတို့၏ ဆွေမျိုးသားချင်းများ သိရှိခဲ့ကြခြင်း မရှိပေ။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပွားခဲ့သော အိန္ဒိယသမုဒ္ဒရာ ဆူနာမီဘေးဒဏ်သည် လတ်တလော လူသားသမိုင်းတွင် မကြုံစဖူးခံစားခဲ့ရသည့် ပမာဏကြီးမားလွန်းသော သဘာဝဘေးအန္တရာယ် ကပ်ဆိုးကြီးဖြစ်ခဲ့သည်။ အင်ဒို-ပစိဖိတ်ဒေသရှိ နိုင်ငံ ၁၄ နိုင်ငံတွင် လူပေါင်းတစ်သန်း၏ လေးပုံတစ်ပုံနီးပါး သေဆုံးခဲ့ရပြီး နှစ်သန်းသောပြည်သူများ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ထို့ပြင် ၎င်းဖြစ်စဉ်သည်အိန္ဒိယနိုင်ငံ၏လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး (HADR) အတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် အရွယ်ရောက်ရင့်ကျက်လာမှုကို မီးမောင်းထိုးပြခဲ့သည်။ အိန္ဒိယနိုင်ငံသည် မိမိပြည်မကြီး၊ အထူးသဖြင့် အန္ဒမန်ပရာဒေ့ရှ်နှင့် တမီလ်နာဒူကမ်းရိုးတန်းပြည်နယ်များရှိ သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများအပြင် အန်ဒမန်နှင့် နီကိုဘာကျွန်းစုများရှိ ကြီးမားသော ပျက်စီးမှုများကို စီမံခန့်ခွဲခဲ့ရုံမျှမက သီရိလင်္ကာ၊ မော်လဒိုက်၊ ထိုင်းနှင့် အင်ဒိုနီးရှား အပါအဝင် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများသို့လည်း လျင်မြန်သောအကူအညီများ ပေးအပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အိန္ဒိယသည်လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့်သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးစီမံချက် ငါးခု (အမျိုးသားအဆင့် နှစ်ခုနှင့် နိုင်ငံတကာအဆင့်သုံးခု) ဖြစ်သည့် "Operation Madad" (တောင်ပိုင်းကမ်းရိုးတန်း အိန္ဒိယ)၊ "Operation Sea Waves" (အန်ဒမန်နှင့် နီကိုဘာ)၊ "Operation Castor" (မော်လဒိုက်)၊ "Operation Rainbow" (သီရိလင်္ကာ) နှင့် "Operation Gambhir (အင်ဒိုနီးရှား)တို့ကို စတင်ဆောင်ရွက်ခဲ့သည်။ ၎င်းစီမံချက်များတွင် တပ်မတော်သုံးရပ်နှင့် အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့တို့ပါဝင်ခဲ့ပြီး သင်္ဘောပေါင်း ၄၀ ကျော်၊ သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် ဟယ်လီကော်ပတာ အမြောက်အမြား အပါအဝင် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင် ၂၀၀၀၀ ကျော်ကိုစေလွှတ်တပ်ဖြန့်ခဲ့သည်။

အိန္ဒိယ၏ ဆောင်ရွက်ချက်များကြောင့် အင်ဒို-ပစိဖိတ်ဒေသတွင် ယုံကြည်စိတ်ချရသော ပထမဆုံး အကူအညီပေးသည့်နိုင်ငံ (First Responder) အဖြစ်အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ယင်းနောက် မကြာမီ ပမာဏကြီးမားသော သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ရန်အတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ လျော့ချရေးနှင့်တုံ့ပြန်ရေးဆိုင်ရာဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များ၊ အမျိုးသား၊ ပြည်နယ်နှင့် ခရိုင်အဆင့်သုံးလွှာပါရှိသော ဖွဲ့စည်းပုံနှင့် သီးသန့်အထူးတပ်ဖွဲ့ဖြစ်သည့် "အမျိုးသားသဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့" (NDRF) တို့ကို ထူထောင်ပေးသည့် ၂၀၀၅ ခုနှစ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေကို အိန္ဒိယပါလီမန်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၂၀၀၄ ခုနှစ် ဆူနာမီဖြစ်စဉ်သည် ပူးပေါင်းဆောင်ရွက်မှုတစ်ခုအဖြစ် အကူအညီများပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန် ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်နှင့် အမေရိကန် စသည့်လေးနိုင်ငံမှရေတပ်များ ပူးပေါင်းလာသည်ကိုလည်း တွေ့ရှိခဲ့ရပြီး ထိုမှတစ်ဆင့် နောက်ပိုင်းတွင် Quad အဖြစ်သို့ ပြောင်းလဲတိုးတက်လာခဲ့သည်။

အိန္ဒိယသည် လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း မိမိ၏ အိမ်နီးချင်းနိုင်ငံများတွင်လည်းကောင်း၊ အလှမ်းဝေးသော အိန္ဒိယသည် လွန်ခဲ့သည့် ဆယ်စုနှစ် အနည်းငယ်အတွင်း မိမိ၏အိမ်နီးချင်းနိုင်ငံများတွင်လည်းကောင်း၊ အလှမ်းဝေးသော ဒေသများတွင်လည်းကောင်း ဖြစ်ပွားခဲ့သည့်ကြီးမားသော သဘာဝဘေးအန္တရာယ် အမြောက်အမြားကို ကိုင်တွယ်ဖြေရှင်းခဲ့သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် မော်လ်ဒိုက်နိုင်ငံ၏ တစ်ခုတည်းသော ရေချိုထုတ်လုပ်သည့်စက်ရုံ ပျက်စီးသွားပြီးနောက် သောက်သုံးရေပေးဝေရန်အတွက် "Operation Neer" အမည်ရှိ ရှုပ်ထွေးဆန်းပြားသော လူသားချင်းစာနာမှုဆိုင်ရာ စီမံချက်တစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ အိန္ဒိယလေတပ်လေယာဉ်များနှင့် ရေတပ်သင်္ဘောများသည် အချိန်ပြည့်တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်ကာ မော်လဒိုက်သို့ သောက်သုံးရေ တန်ချိန် ၁၅၀၀ ကျော် ပေးပို့ခဲ့ပြီး မော်လဒိုက်၏ အကူအညီတောင်းခံမှုကို ပထမဆုံး တုံ့ပြန်သည့်နိုင်ငံ ဖြစ်လာခဲ့သည်။

၂၀၁၅ ခုနှစ် ဧပြီလတွင် နီပေါနိုင်ငံ၌ ပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့စဉ်က အိန္ဒိယသည် ပထမဆုံး ငလျင်လှုပ်ခတ်ပြီး ခြောက်နာရီအတွင်း "Operation Maitri" အမည်ဖြင့် ဘက်စုံကယ်ဆယ်ရေးနှင့် အကူအညီပေးရေးစီမံချက်ကို စတင်ခဲ့သည်။ ပိတ်မိနေသော အိန္ဒိယနိုင်ငံသားများနှင့် နိုင်ငံခြားသားထောင်ပေါင်းများစွာကို လေကြောင်းနှင့် ကုန်းကြောင်းတို့မှ ကယ်ထုတ်နိုင်ခဲ့ပြီး လိုအပ်သော အကူအညီ ပစ္စည်းတန်ချိန် ရာပေါင်းများစွာကို ပေးပို့ခဲ့သည်။ သဘာဝဘေးဖြစ်ပွားရာနေရာတွင် ယာယီဆေးရုံ အမြောက်အမြားကိုလည်း ထူထောင်ပေးခဲ့သည်။ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပြီးစီးပြီးနောက် နီပေါနိုင်ငံအတွက် အမေရိကန်ဒေါ်လာနှစ်ဘီလီယံခန့်တန်ဖိုးရှိသော အဓိကပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး အစီအစဉ်တစ်ရပ်ကို အိန္ဒိယက စတင်ပေးခဲ့သည်။ ၂၀၂၅ ခုနှစ် မတ်လကုန်တွင် မြန်မာနိုင်ငံ၌ ပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အိန္ဒိယသည် "Operation Brahma" ကို စတင်ခဲ့ပြီး ၎င်းမှာ NDRF နှင့် ပူးပေါင်းထားသော တပ်မတော်သုံးရပ်စလုံး ပါဝင်သည့် ကြီးမားသောစစ်ဆင်ရေးတစ်ခုဖြစ်ကာ လိုအပ်သော ဆေးဝါးများနှင့် စားနပ်ရိက္ခာများ အပါအဝင် ပစ္စည်းနှင့် ကိရိယာတန်ချိန် ၇၅၀ ကျော်ကို ထောက်ပံ့ပေးခဲ့သည်။ မန္တလေးမြို့၌ သဘာဝဘေးဖြစ်ပွားရာနေရာတွင် ယာယီဆေးရုံ ထူထောင်ပေးခဲ့ပြီး အဆောက်အအုံများပျက်စီးမှုကို စစ်ဆေးလေ့လာရန် အင်ဂျင်နီယာအဖွဲ့များကို စေလွှတ်ခဲ့သည်။ ဗြဟ္မာစီမံချက်သည် အိန္ဒိယအစိုးရ၏ အစိုးရယန္တရားတစ်ခုလုံး ပါဝင်ဆောင်ရွက်သည့် (Whole-of-Government) HADR ကြိုးပမ်းအားထုတ်မှု၏ စံနမူနာပြဖြစ်ခဲ့သည်။ ၂၀၂၅ ခုနှစ်အကုန်တွင် ဆိုင်ကလုန်းမုန်တိုင်း Ditwah ရိုက်ခတ်ခြင်းခံခဲ့ရသော သီရိလင်္ကာနိုင်ငံသို့ "Operation Sagar Bandhu" အောက်တွင် အိန္ဒိယက ကြီးမားသော အကူအညီများ ပေးအပ်ခဲ့သည်။ အစားအသောက်၊ ပစ္စည်းကိရိယာများ၊ ဆေးဝါးများနှင့် အခြားလိုအပ်သော ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပြီး ရိက္ခာခြောက် တန်ချိန် ၁၀၀၀ ကျော်ကို ပေးပို့ခဲ့သည်။ အိန္ဒိယသည် မိမိ၏ အိမ်နီးချင်းဒေသများအပြင် ၂၀၂၃ ခုနှစ်တွင် ငလျင်ဒဏ်ခံခဲ့ရသော တူရကီနှင့် ဆီးရီးယားနိုင်ငံတို့၏ တောင်းဆိုမှုများကိုလည်း လျင်မြန်စွာတုံ့ပြန်ခဲ့သည်။ "Operation Dost" အောက်တွင် အိန္ဒိယသည် ပထမဆုံး အကူအညီပေးရေးအဖွဲ့အဖြစ် ပါဝင်ခဲ့ပြီး နှစ်နိုင်ငံစလုံးသို့ ဆေးဝါးကုသရေးအဖွဲ့များ၊ ရှာဖွေရေးခွေးအဖွဲ့များနှင့်ပစ္စည်းထောက်ပံ့မှုများအပြင် တပ်ဖွဲ့ဝင် ၂၅၀ ကျော်ပါဝင်သော ရှာဖွေရေးနှင့်ကယ်ဆယ်ရေး (SAR) အဖွဲ့ကြီးများကို စေလွှတ်ခဲ့သည်။

၂၀၁၉ ခုနှစ် မတ်လတွင် ဆိုင်ကလုန်းမုန်တိုင်း ရိုက်ခတ်ခံရသော မိုဇမ်ဘစ်နိုင်ငံသို့ HADR အကူအညီများပေးအပ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော မာလာဝီနိုင်ငံသို့ အကူအညီများ ပေးအပ်ခဲ့သည်။ လတ်တလောအားဖြင့် ၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင် အိန္ဒိယသည် ငလျင်ဒဏ်ခံခဲ့ရသော ဗင်နီဇွဲလားနိုင်ငံသို့ အတွေ့အကြုံရှိ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ဆေးဝါးကျွမ်းကျင်သူများ ပါဝင်သော ၄၁ ဦးပါ အဖွဲ့နှင့်အတူ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်း တန်ချိန် ၃၀ ကို C-17 လေယာဉ်နှစ်စင်းဖြင့်ပေးပို့ကာ မိမိ၏ ရည်မှန်းချက် အကြီးမားဆုံးသော HADR အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာလအတွင်း အိန္ဒိယသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှစ၍ "Vaccine Maitri" အစီအစဉ်အောက်တွင် နိုင်ငံ ၉၉ နိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်း နှစ်ခုသို့ ကာကွယ်ဆေးသန်း ၃၀၀ အပြင် လိုအပ်သောဆေးဝါးများနှင့် ဆေးဝါးဆိုင်ရာ အကူအညီများကို ထောက်ပံ့ပေးခဲ့သည်။

အိန္ဒိယနိုင်ငံအတွက် HADR သည် ရံဖန်ရံခါမှ ပြုလုပ်သည့် လုပ်ဆောင်ချက်တစ်ရပ်အဖြစ်မှ စဉ်ဆက်မပြတ်ဆောင်ရွက်သည့် ကမ္ဘာ့အဆင့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုသို့ ပြောင်းလဲလာခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ် မတ်လတွင် မောရစ်ရှနိုင်ငံသို့သွားရောက်သည့် ခရီးစဉ်အတွင်း ဝန်ကြီးချုပ်မိုဒီက တရားဝင်ထုတ်ပြန်ခဲ့သည့် SAGAR (Security and Growth for All in the Region) မူဝါဒတွင် ထည့်သွင်းထားသော အိန္ဒိယ၏နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒ၏ မရှိမဖြစ်လိုအပ်သော အင်္ဂါရပ်တစ်ခုဖြစ်သည်။ ၎င်းက အိန္ဒိယသမုဒ္ဒရာ ဒေသဆိုင်ရာ အိန္ဒိယ၏ချဉ်းကပ်ပုံကို အထောက်အပံ့ပေးထားပြီး ၂၀၁၉ ခုနှစ်တွင် ကြေညာခဲ့သည့် အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာ မျှော်မှန်းချက်နှင့် အင်ဒို-ပစိဖိတ် သမုဒ္ဒရာများဆိုင်ရာ အစီအစဉ် (IPOI) ၏ အဓိကအစိတ်အပိုင်းဖြစ်လာခဲ့ကာ ၂၀၂၅ ခုနှစ် မတ်လတွင် ဝန်ကြီးချုပ် မိုဒီက စီစဉ်ဖော်ပြခဲ့သည့် MAHASAGAR မျှော်မှန်းချက်အဖြစ်သို့ တိုးတက်ပြောင်းလဲလာခဲ့သည်။

အိန္ဒိယ၏ ချဉ်းကပ်ပုံသည် ဘေးအန္တရာယ် ဖြစ်ပွားပြီးမှ တုံ့ပြန်ခြင်းမျိုးမဟုတ်ပေ။ နိုင်ငံတကာ ဆူနာမီ သတိပေးစနစ်ထူထောင်ရာတွင် ပါဝင်ကူညီခြင်းနှင့် ဘေးအန္တရာယ်ဒဏ်ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံဆိုင်ရာ မဟာမိတ်အဖွဲ့ (CDRI) ကို စတင်ဖွဲ့စည်းခြင်းတို့မှတစ်ဆင့် ကြိုတင်ကာကွယ်ရေးနှင့် လျှော့ချရေးနယ်ပယ်တို့၌ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်များကို ထူထောင်ပေးခဲ့သည်။ CDRI (အဖွဲ့ဝင်နိုင်ငံ ၆၀ ပါဝင်သည်) ကျောင်းများ၊ ဆေးရုံများနှင့် နေအိမ်များ အပါအဝင် ဘေးအန္တရာယ်ဒဏ် ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံ ၂၅ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အရေးပေါ်အခြေအနေများတွင် လိုအပ်ချက်နှင့်အညီ လျင်မြန်သောအကူအညီများကို ပေးအပ်ခြင်းဖြင့်လည်းကောင်း၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးရှိစေမည့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် လည်းကောင်း အိန္ဒိယနိုင်ငံကို စိတ်ချယုံကြည်ရသည့် ပထမဆုံး အကူအညီပေးသောနိုင်ငံ အဖြစ်လည်းကောင်း၊ ကမ္ဘာ့အကျိုးပြု အင်အားစုအဖြစ်လည်းကောင်း ရှုမြင်ကြပါသည်။

**Gurjit Singh**
(ဂူဂျစ်ဆင်းဂ်၊ သံအမတ်ကြီးဟောင်းနှင့် စာရေးဆရာ)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မိုးကာ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၂၂ ရက်မှစတင်ကာ fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




ရန်ကုန် ဩဂုတ် ၁၅

မိုးကာ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၂၂ ရက်မှ စတင်ကာ fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ညိမ်းသော်ထံမှ သိရသည်။

အဆိုပါ မိုးကာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ Sharon က ရေးသားထားပြီး Aeternum က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ Sharon က တာဝန်ယူပုံဖော်ဖန်တီး ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက လျှို့ဝှက်သည်းဖို အချစ်ဇာတ်လမ်းတွဲလေးပါ။ ဒီဇာတ်လမ်းတွဲမှာ မိုးတိမ်မံဆိုတဲ့ ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ မိုးကာအနက်နဲ့ လူတစ်ယောက်နဲ့ အမှောင်ထဲက ခေါ်သံတွေကို စမ်းတဝါးဝါးနဲ့ လိုက်ရှာနေတဲ့ လူတစ်ယောက် တကယ်တမ်း သူတို့အားလုံးရှာဖွေနေတဲ့ အမှန်တရားဆိုတာက ဘာများဖြစ်မလဲဆိုတာ လှည့်ကွက်တွေနဲ့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင်ညိမ်းသော်က ပြောပြသည်။

အဆိုပါ မိုးကာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ညိမ်းသော်၊ မင်းခန့်စည်သူဝင်းထွဋ်၊ မင်းဟိဏ်း၊ မင်းသူရဲမွန်၊ ဆက်ထူးသစ်၊ ကြယ်စင်ပွင့်နဒီမောင်၊ ဟန်နာ၊ ယွန်းမေလုံ၊ ခင်ဘုန်းမြတ်သာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း၊ fortune tv ရုပ်သံလိုင်းမှ ဩဂုတ် ၂၂ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၈ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Miami Vice 85 ရုပ်ရှင်ဇာတ်ကား၌ မင်းသား အယ်လ်ဒင်အားရန်းရိုက်ချ် ပါဝင်လာ

နယူးယောက် ဩဂုတ် ၁၅

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Miami Vice 85 ရုပ်ရှင်ဇာတ်ကား၌ မင်းသား အယ်လ်ဒင်အားရန်း ရိုက်ချ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၄ ရက်သတင်းများအရ သိရသည်။

မင်းသား အယ်လ်ဒင်အားရန်းရိုက်ချ်သည် Miami Vice 85 ဇာတ်ကားတွင် မင်းသား မိုက်ကယ်ဘီဂျော်ဒန်၊ အော်စတင်ဘတ္တလာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားသည် Miami Vice 85 (1980) ဒရာမာဇာတ်လမ်းတွဲကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Miami Vice 85 ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Miami Vice 85 ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဂီလ်ရွိုင်းက တာဝန်ယူရေးသားပေးထားသည်။

Miami Vice 85 ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်အတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၈ ခုနှစ် မေ ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# အလှပဆုံး အောင်ဇမ္ဗူကမယ့်သဘင်ည ဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Yangon Convention Center ၌ ပြုလုပ်မည်ဖြစ်

ရန်ကုန် ဩဂုတ် ၁၅

ဇာတ်မင်းသား အောင်ဇမ္ဗူ၏ အလှပဆုံး အောင်ဇမ္ဗူကမယ့် သဘင်ည ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Convention Center ၌ လာမည့် စက်တင်ဘာ ၁၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်မင်းသား အောင်ဇမ္ဗူ၏အလှပဆုံးအောင်ဇမ္ဗူကမယ့် သဘင်ည ဖျော်ဖြေပွဲကို သဘင်သမားစဉ်အတိုင်း အပျိုတော်ယိမ်းမှ အစပြုကာ အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးခွင်၊ နောက်ပိုင်း ဇာတ်တော်ကြီးထိ သဘင်ခွင်ကုန်သည်ထိသဘင်အစဉ်အလာသမားစဉ်အတိုင်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။




"နောက်လ စက်တင်ဘာလထဲမှာ Yangon Convention Center မှာ ကျွန်တော်တို့ အောင်ဇမ္ဗူသဘင်အဖွဲ့ ဖျော်ဖြေပွဲရှိပါမယ်။ လာရောက်အားပေးကြဖို့လဲ ဖိတ်ခေါ်ပါတယ်။ သဘင်ဖျော်ဖြေမှုကို သမားစဉ်အတိုင်း မခြွင်းမချန်ကြိုးစား တင်ဆက်သွားမှာပါ။ မိုးကာလမှာလဲ ဆက်တိုက်အားပေးနေတဲ့ ပရိသတ်တွေကို ကျေးဇူး အထူးတင်ပါတယ်"ဟု ဇာတ်မင်းသား အောင်ဇမ္ဗူက ပြောပြသည်။

ဇာတ်မင်းသား အောင်ဇမ္ဗူ၏ အလှပဆုံး အောင်ဇမ္ဗူကမယ့် သဘင်ည အောင်ဇမ္ဗူသဘင်အဖွဲ့ ဖျော်ဖြေပွဲကို Yangon Convention Center ၌ လာမည့် စက်တင်ဘာ ၁၁ ရက် ညနေ ၄ နာရီမှ ည ၁၀ နာရီထိ ကပြဖျော်ဖြေတင်ဆက် သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Charlie vs The Chocolate Factory ဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ရုံတင်မည်

နယူးယောက် ဩဂုတ် ၁၅

Charlie vs The Chocolate Factory ဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ရုံတင်ပြသရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၁၄ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

Charlie vs The Chocolate Factory ဇာတ်ကားသည် ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကားဖြစ်ပြီး မင်းသားကစ်ကော်နာနှင့်တိုင်ကာဝေတီတီတို့က အသံသရုပ်ဆောင်အနေဖြင့် ပါဝင်ထားသည်။

Charlie vs The Chocolate Factory ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ရုံတင်ပြီးနောက် ဒီဇင်ဘာ ၂၂ ရက်တွင် အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်ပြသရန် Netflix ကုမ္ပဏီက စီစဉ်ထားသည်။

Charlie vs The Chocolate Factory ကွန်ပျူတာအင်နီမေးရှင်း ဇာတ်ကားကို ဒါရိုက်တာ ဂျရက်စတန်းနှင့် အယ်လ်သိန်းဂိုက်နတို့က ရိုက်ကူးပေးထားသည်။

အဆိုပါ ကွန်ပျူတာအင်နီမေးရှင်းဇာတ်ကား၌ မင်းသမီးကိတ်ဝင်းစလက်နှင့် အယ်လီနာဘွန်ဟမ်ကာတာတို့လည်း အသံသရုပ်ဆောင်အနေဖြင့် ပါဝင်ထားသည်။

Ref : Sputnik News

Trs : KKO




# ခတ္တိယ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ခွေးမြီးကောက်ဘအေး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

ရန်ကုန် ဩဂုတ် ၁၅

ခတ္တိယ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ခွေးမြီးကောက်ဘအေး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို ဩဂုတ် ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ရွှေမြင်တင် စေတီတော်ကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခွေးမြီးကောက်ဘအေး ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ကျော်မြသန်း၏ လုံးချင်းဝတ္ထုကို ရွှေပြည့်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်)က ခတ္တိယရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးသွားမည်ဖြစ်သည်။

"အပျို၊ အအိုမရွေး ကမ်းကုန်အောင် မိုက်ရိုင်းစော်ကားတတ်တဲ့ သူ၊ ယုတ်စွာအဆုံး ဘုရားသာသနာပိုင်ပစ္စည်းတွေကိုပါခိုးတဲ့ထိ မိုက်ရိုင်းလွန်းလှတဲ့ သူကြီးသား ဘအေးအကြောင်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် မြင်တွေ့ကြရမှာဖြစ်ပါတယ်။ အခုတစ်ခါမှာတော့ ကမ်းကုန်အောင်မိုက်တဲ့ ခွေးမြီးကောက်ဘအေးကို ပိတ်ကားပေါ်မှာ မြင်ရဖို့အတွက် ရုပ်ရှင်ဇာတ်ကားအဖြစ် အသက်သွင်းဖန်တီးကြတော့မှာဖြစ်ပါတယ်"ဟု အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်)က ပြောပြသည်။

အဆိုပါ ခွေးမြီးကောက်ဘအေး ရုပ်ရှင်ဇာတ်ကားတွင်သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ကျော်ကျော်ဗို၊ ရန်အောင်၊ ဆင်မမင်းသစ်၊ နော်ဖေအယ်ထား၊ မှုးထိပ်ထား၊ ဝင်းမင်းသန်း၊ စုလှိုင်နှင်း၊ တင်ဇာဝင်းပြည့်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing plants ironwood sapling at the third national-level monsoon tree-growing ceremony for 2026



**President U Min Aung Hlaing delivers a speech at the third national-level monsoon tree-growing ceremony for 2026.**

**Nay Pyi Taw August 15**

The third national-level monsoon tree-growing ceremony for 2026 took place on both sides of Thitkhwa and Kissapanadi streets north of the Diplomatic Zone in Dekkhinathiri Township this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing, who grew an ironwood sapling.

Also present at the ceremony together with the President were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, Union-level dignitaries, Union ministers, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, officers and departmental personnel from ministries, rectors, pro-rectors, faculty members, teachers and students from universities, colleges and basic education schools in Nay Pyi Taw and officials.

In his speech, the President said the current event is the third national-level monsoon tree-growing ceremony for 2026. At the ceremony, 3000 saplings including ten tree species of shade trees that bloom seasonal flowers such padauk, star flower, flamboyant tree, ironwood, orchid tree, and pink shower tree and three kinds of ornamental flower plants -- Golden trumpet, Peacock flower, and Bougainvillea -- would be grown on both sides of Thitkhwa and Kissapanadi streets north of the Diplomatic Zone in Dekkhinathiri Township.

In the past tree-planting ceremonies were held only in Nay Pyi Taw. But in the previous year, they were also held in Minbu and Meiktila. This year, national-level ceremonies have been organized in Pyin Oo Lwin on 12 July and in Minbu the next day.

The tree-planting ceremonies aim to expand forest cover in the entire country, creating a pleasant, green and lush environment, prevent natural disasters, ensure a balanced and favorable climate. The ceremonies are being held at the respective places across the country under the leadership of the State and the public participation, with greater momentum. The ceremonies also provide support to the work of turning Nay Pyi Taw into a clean and green city.

The State is driving its efforts to the tree-planting ceremonies as a national task and in this year, it has already grown 21.37 million trees all across the nation including in the State-owned tree plantations.

National prosperity and environmental conservation are relying on one another. Climate change and global warming are the current environment-related challenges the world of is facing. It is common knowledge that extreme temperatures, drought, abnormal rainfall are triggering natural disasters such as floods and severe storms all across the world.

The world countries including Myanmar are suffering considerable economic and social losses, as they are facing more natural disasters annually than in the past.

Myanmar faced natural disasters such as cyclone Mocha in 2023, and super typhoon Yagi in 2024 that caused floods and landslides, and they are the results of environmental deterioration. Recently, floods occurred in certain townships of Ayeyawady Region, Mandalay Region and Shan State due to downpours.

The President called on all government departments and the public to cooperate actively with the state's cross-sectoral initiatives aimed at climate change mitigation.

Highlighting the urgency of the situation, the President noted that tree planting, forest conservation and environmental protection represent the simplest, most accessible, and most cost-effective measures to reduce the risks of natural disasters. He urged all citizens to accelerate these efforts nationwide to secure their widespread benefits.

Referring to forests and trees as the planet's "Life Supporting System", the President underscored that they constitute the only ecosystem capable of producing oxygen -- a fundamental necessity for the survival of humanity and all living organisms. Beyond mitigating global warming, climate change, and natural disasters, forests provide essential ecosystem services, including soil and water conservation as well as food security. As the central pillar of all natural ecosystems, proper planting, conservation and systematic management of forests will foster a green environment and support long-term sustainable national development, he stated.

In his address, the President also drew a cultural comparison, framing the planting and nurturing of trees as a form of eternal merit (Thavara Kusala), yielding spiritual benefits equal to constructing religious buildings, building roads and bridges, or digging wells and reservoirs. Noting that everyone enjoys cool shade, verdant landscapes, and colorful, fragrant blossoms, he encouraged citizens to plant trees with genuine goodwill so that all may reap the shared rewards.



**President U Min Aung Hlaing cordially converses with a tree-grower.**

Furthermore, the President urged relevant authorities to prioritize achieving the targets of key national conservation initiatives aimed at increasing nationwide forest cover. These include the National Forest Rehabilitation Project, the Greening Project for the 13 Districts of the Dry Zone, and the Integrated Mangrove Ecosystem Management Project along coastal regions.

He also emphasized the need to step up tree-planting efforts along the shoulders of ASEAN highways, Union highways, and inter-village and inter-district roads. Conservation activities must also target degraded hilltops and critical river watersheds, alongside establishing village firewood plantations, multi-purpose plantations, urban forestry development, and municipal greening initiatives.

In his message, the President encouraged the planting of long-term industrial raw crops—such as bamboo and rubber—wherever suitable. He noted that such efforts not only preserve the environment and promote greening but also directly bolster the national economy.

He stated that in addition to holding tree-planting festivals, individuals must plant trees across various regions through diverse approaches, including family, community-based, ward, village, and township initiatives, emphasizing the critical need to maintain and ensure that every planted tree survives.

He urged regional and state governments, departments, and organizations to actively work together with public participation as a national duty to foster the development of Green Cities, Clean Cities, Smart Cities, and Green Villages across the country.

*See Page 13*

# Press Release

## President of the Republic of the Union of Myanmar, H.E. U Min Aung Hlaing to pay Official Visit to the Russian Federation

**Nay Pyi Taw August 15**

At the invitation of His Excellency Mr. Vladimir Putin, President of the Russian Federation, His Excellency U Min Aung Hlaing, President of the Republic of the Union of Myanmar, will pay an Official Visit to the Russian Federation in the near future.

During the visit, the President of Myanmar will meet with the President of the Russian Federation, the Prime Minister of the Russian Federation, and the Chairman of the State Duma of the Russian Federation and other officials from the Russian Government. The President will cordially discuss matters relating to the further consolidation of the existing friendly relations and strategic cooperation in all areas of mutual interest including economic, security and social spheres. During the visit, the President will also attend the Myanmar-Russia Business Forum.

The President will be accompanied by Union Ministers and officials during the visit.

# Wife of President Honorary Patron Daw Kyu Kyu Hla attends 13th anniversary of MWCDF



**Daw Kyu Kyu Hla awards a winner at the national level.**



**Daw San San Aye awards a winner at the regional level.**

**Nay Pyi Taw August 15**

The 13th Anniversary of Myanmar Women and Children Development Foundation, which devotes its relentless efforts to socioeconomic development of women and children across the country under the theme "May Women and Children Gain Secure and Beautiful Lives," was held at the M Gallery Hotel in Nay Pyi Taw this morning and wife of the President of the Republic of the Union of Myanmar Honorary Patron of the MWCDF Daw Kyu Kyu Hla graced the ceremony.

Also present at the ceremony were wife of Vice President (1) U Nyo Saw Honorary Patron of the MWCDF Daw San San Aye, Vice President (2) Honorary Patron of the MWCDF Daw Nan Ni Ni Aye, the wives of the speakers of the Pyithu Hluttaw and the Amyoha Hluttaw, the wife of the Commander-in-Chief of Defence Services, the wife of the Deputy Commander-in-Chief of Defence Services, union ministers and their wives, the auditor general of the Union, the wife of the chairman of the Union Civil Service Board, the wife of the chairman of Nay Pyi Taw Council, the governor of the Central Bank of Myanmar, the wife of the Anti-corruption Commission chairman, the wife of the commander of Nay Pyi Taw Command, deputy ministers, director generals, specially invited guests, chairpersons and vice chairpersons of partner organizations and donors.

First, Chairperson of Myanmar Women Affairs Committee Union Minister for Women Affairs Dr Thet Thet Zin made an opening speech and chairperson of the MWCDF Dr Nandar Hmoon extended greetings.

Then, artists from the Ministry of Hotels, Tourism and Culture performed music to the theme song of the MWCDF "May All Women and Children Gain Secure and Beautiful Lives" and documentary video of 13 years' activities of the foundation was screened.

Afterward, wife of the President of the Republic of the Union of Myanmar Honorary Patron of the MWCDF Daw Kyu Kyu Hla presented honorary awards to prize winners at the national level in various sectors. Then, the wife of the Vice President (1) Honorary Patron of the MWCDF Daw San San Aye, Vice President (2) Honorary Patron of the MWCDF Daw Nan Ni Ni Aye and wife of the Commander-in-Chief of Defence Services Daw Nilar presented honorary awards to chairpersons of region and state MWCDFs.

Afterward, Daw Kyu Kyu Hla and guests posed for documentary photographs together and observed the photo exhibition of MWCDF activities and exhibition booths of regions and states.

During the second session of the ceremony, the annual meeting of the MWCDF was held under the guidance of the chairperson and vice chairpersons of the MWCDF. At the meeting, expenditure of the foundation, activities of the MWCDF, organizational set-up and disciplines of the foundation, the summary of plans of the foundation and the financial statement of the foundation were discussed before presenting financial supports, notebooks of the foundation and flyers to state and region chapters.

MNA

*From Page 12*

He stated that only through such actions can livable cities, healthy communities, and climate-resilient environments be created, ensuring the prompt and inevitable realization of the national goal to achieve 50 percent forest cover across the country. He added that the abundance, greenery, and natural beauty of the nation's trees and forests can also serve as the very foundation for citizens' pride, joy, and patriotism.

He stated that the presence of trees and forests can be regarded as the legacy of the past, the benefit of the present, and the development of the future. He added that, in line with the policy "Let us protect our environment for the prosperity of the Nation," he urged everyone to view and assess the conservation of trees, forests, and forest ecosystems which are vital for long-term national development, food security, climate change mitigation, and natural disaster prevention from all perspectives and sectors, and to collectively protect, preserve, and promote them as a national duty.

President U Min Aung Hlaing then led the ceremony by planting an ironwood sapling at the designated location.

Afterwards, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, the Speaker of the Pyithu Hluttaw, the Speaker of the Amyotha Hluttaw, the Commander-in-Chief of Defence Services, Union-level dignitaries, Union Ministers, the Chairman of the Nay Pyi Taw Council, Deputy Ministers, departmental officers and staff from various ministries, as well as rectors, pro-rectors, lecturers, teachers, students, and officials from universities, colleges, and basic education schools in Nay Pyi Taw, joyfully planted the saplings simultaneously.

The President and his party then toured the venue to encourage those joyfully planting saplings at the Tree-Planting Ceremony.

It is reported that a total of 3,000 saplings were planted at today's Ceremony, comprising 10 shade-providing and seasonally blooming tree species such as padauk, star flower, flamboyant tree, ironwood, orchid tree, and pink shower tree and three kinds of ornamental flower plants -- Golden trumpet, Peacock flower, and Bougainvillea. MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Drone Shield ကုမ္ပဏီက စစ်မြေပြင်တွင် လျှပ်စစ်သံလိုက်လှိုင်းများကိုထောက်လှမ်းနိုင်သည့် လက်ကိုင်အာရုံခံကိရိယာတီထွင်နိုင်ခဲ့



ဩစတြေးလျနိုင်ငံအခြေစိုက် Drone Shield ကုမ္ပဏီသည် စစ်မြေပြင်တွင် လျှပ်စစ်သံလိုက်လှိုင်းအခြေအနေများကို ရှာဖွေထောက်လှမ်းနိုင်သည့် လက်ကိုင်အာရုံခံကိရိယာကို တီထွင်နိုင်ခဲ့ကြောင်း Next Gen Defense သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စစ်မြေပြင်ရှိအချက်ပြမှုများကို ရှာဖွေခွဲခြားသတ်မှတ်ရန်၊ တည်နေရာဖော်ထုတ်ရန်နှင့် အကဲဖြတ်နိုင်ရန်အတွက် စစ်ဆင်ရေးအော်ပရေတာများကို လက်ကိုင်အာရုံခံကိရိယာတစ်ခုတည်းဖြင့် ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

RfRecon ဟု အမည်ပေးထားသည့် အဆိုပါစနစ်တွင် Bluetooth နှင့် WiFi Remote ID၊ သဘော်နှင့် လေယာဉ်များကို ရှာဖွေဖော်ထုတ်နိုင်သည့်စွမ်းရည်၊ ကမ္ဘာလုံးဆိုင်ရာဂြိုဟ်တုလမ်းညွှန်စနစ်(GNSS) နှင့် ဟာ့ဒ်ဝဲအခြေပြု လုံခြုံရေးစနစ်တို့ ပါဝင်သည်။

အဆိုပါကိရိယာ၏ အဓိကနည်းပညာမှာ အလွန်ကျယ်ပြန့်သော ရေဒီယိုကြိမ်နှုန်းလှိုင်းအကွာအဝေးကို လွှမ်းခြုံနိုင်သည့်စွမ်းရည်၊ အချက်ပြလာရာ ဦးတည်ချက်ရှာဖွေခြင်း၊ အချက်ပြထောက်လှမ်းရေးနှင့် စနစ်များကြား ပေါင်းစည်းအသုံးပြုနိုင်ရန် ဘုံဒေတာပုံစံများကို ပေါင်းစပ်ထားကြောင်း သိရသည်။

ယခင်မျိုးဆက်စနစ်နှင့်နှိုင်းယှဉ်ပါက RfRecon စနစ်သည် ရေဒီယိုကြိမ်နှုန်း လွှမ်းခြုံနိုင်မှုခြောက်ဆ၊ AI ဖြင့် ဒေတာတွက်ချက်လုပ်ဆောင်နိုင်စွမ်း လေးဆ၊ သိုလှောင်နိုင်စွမ်း ၃၁ ဆနှင့် Memory စွမ်းရည် ရှစ်ဆ ပိုမိုမြင့်မားလာသည်။

အဆိုပါစနစ်သည် အချက်ပြမှုများကို ရိုးရှင်းစွာ စုဆောင်းရုံမျှမကဘဲ အော်ပရေတာများအနေဖြင့် လျှပ်စစ်သံလိုက်လှိုင်း ပတ်ဝန်းကျင်အတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများကို ဖော်ထုတ်နိုင်ပြီး ရရှိလာသည့်အချက်အလက်များကို စစ်ဆင်ရေးအတွက်အကဲဖြတ်နိုင်စေရန် ဖော်ဆောင်ထားခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းအားဖြင့် စစ်မြေပြင်တွင် ဆုံးဖြတ်ချက်များကို ပိုမိုလျင်မြန်စွာ ချမှတ်နိုင်မည်ဖြစ်သည်။

RfRecon စနစ်ကို ခြေလျင်တပ်ဖွဲ့ဝင်များက သယ်ဆောင်အသုံးပြုခြင်း၊ စစ်ယာဉ်များပေါ်တွင် တပ်ဆင်အသုံးပြုခြင်း၊ ရွေ့လျားစစ်ဆင်ရေးအခြေစိုက်စခန်းများတွင်အသုံးပြုခြင်း သို့မဟုတ် အမြဲတမ်းတပ်စွဲထားသည့် နေရာများတွင် တပ်ဆင်အသုံးပြုခြင်းတို့ ပြုလုပ်နိုင်ပြီး အလွှာစုံကာကွယ်ရေးစနစ်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် အဆိုပါစနစ်သည် Android နည်းဗျူဟာမြောက်တိုက်ခိုက်ရေးကိရိယာ၊ ပြင်ပကုမ္ပဏီများ၏ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုစနစ်များ၊ အခြားအာရုံခံစနစ်များနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်သည်။

RfRecon စနစ်ကို အလွှာစုံ တန်ပြန်မောင်းသူမဲ့ လေယာဉ်စနစ်များတွင်လည်း ပေါင်းစပ်အသုံးပြုနိုင်ပြီး အဆိုပါစနစ်များတွင် ဆိုက်ဘာနည်းလမ်းဖြင့် စနစ်ကိုထိန်းချုပ်ရယူခြင်းနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုက်ခိုက်ဖျက်ဆီးချေမှုန်းခြင်းစွမ်းရည် နှစ်မျိုးစလုံး ပါဝင်နိုင်သည်။

ယနေ့ခေတ်စစ်မြေပြင်များတွင် အလိုအလျောက်စနစ်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးလှုပ်ရှားမှုများနှင့် အခြားရေဒီယိုကြိမ်နှုန်းအချက်ပြမှုများ ပိုမိုများပြားချိန်တွင် RfRecon စနစ်ကို ဖော်ဆောင်လာခြင်းဖြစ်သည်။

RfRecon စနစ်သည် အဆိုပါလုပ်ဆောင်ချက်များကို ကိရိယာတစ်ခုတည်းအတွင်းပေါင်းစပ်ခြင်းဖြင့် မူလရေဒီယိုကြိမ်နှုန်းစနစ်အချက်အလက်များကို စစ်ဆင်ရေးဆိုင်ရာအချက်အလက်အဖြစ် ပြောင်းလဲပေးရန်နှင့် အော်ပရေတာများအပေါ် ကျရောက်သည့် ဒေတာစိစစ်အကဲဖြတ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးကိုလျှော့ချပေးသည်။

ယနေ့ခေတ် စစ်မြေပြင်တွင်လျှပ်စစ်သံလိုက်လှိုင်းရောင်စဉ်သည် စစ်ဆင်ရေးဆိုင်ရာ ထောက်လှမ်းရေးအချက်အလက်များ၏ အရေးကြီးဆုံးရင်းမြစ်များထဲမှ တစ်ခုဖြစ်လာသော်လည်း ဒေတာများကို စုဆောင်းရုံဖြင့် မလုံလောက်တော့ကြောင်း၊ အကြီးမားဆုံးအားသာချက်ကို ရရှိမည့်အဖွဲ့များသည် မိမိတို့တွေ့ရှိနေရသည့်အခြေအနေကို လျင်မြန်စွာနားလည်သဘောပေါက်ပြီး ယုံကြည်ချက်ရှိရှိဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်သူများဖြစ်လာမည်ဖြစ်ကြောင်း၊ RfRecon သည် ရေဒီယိုကြိမ်နှုန်းအချက်ပြထောက်လှမ်းရေးစွမ်းရည်ကို စစ်မြေပြင်၏ ရှေ့တန်းနည်းဗျူဟာအဆင့်သို့ တိုက်ရိုက်ပို့ဆောင်ပေးခြင်းဖြင့် အဆိုပါပြောင်းလဲမှုကို ထင်ဟပ်စေကြောင်း Drone Shield ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Angus Bean က ပြောကြားခဲ့ကြောင်း သိရသည်။

**Australian Firm Develops Hand-held Device That Reads the Electro-magnetic Battlefield ကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန်နိုင်ငံ Boeing ကုမ္ပဏီက စွယ်စုံသုံးရေဒါရှာဖွေရေးလက်နက်စနစ်ကို တီထွင်ထုတ်လုပ်လျက်ရှိ

အမေရိကန်နိုင်ငံ Boeing ကုမ္ပဏီက စွယ်စုံသုံးရေဒါရှာဖွေရေးလက်နက်စနစ်တစ်မျိုးကို တီထွင်ထုတ်လုပ်လျက်ရှိပြီး ၎င်းသည် မစ်ရှင်အမျိုးမျိုးအတွက် ပစ်မှတ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ခြေရာခံခြင်းတို့ပြုလုပ်နိုင်ရန် လက်နက်စနစ်အမျိုးမျိုးတွင် လိုက်လျောညီထွေစွာ အသုံးပြုနိုင်မည့် အာရုံခံစနစ်ဖြစ်ကြောင်း Next Gen Defense သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ULCS ဟု အမည်ပေးထားသော စွယ်စုံသုံးရေဒါရှာဖွေးစနစ်သည် Modular Design ပုံစံဖြင့်ဖန်တီးထားပြီး တိုက်ခိုက်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ လက်နက်စနစ်များတွင် လိုအပ်ချက်နှင့်အညီ ပြောင်းလဲတပ်ဆင်အသုံးပြုနိုင်သည်။

ULCS တွင် စီးပွားဖြစ် ဈေးကွက်၌ အသင့်ရရှိနိုင်သည့် Commercial Off-the-Shelf(COTS)Components များကို စစ်ဘက်အသုံးပြုနိုင်ရန် ပြန်လည်ပြုပြင်အသုံးချထားသည်။ ၎င်းနည်းလမ်းသည် ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချရန် ရည်ရွယ်ထားခြင်းဖြစ်ပြီး Open Architecture ပုံစံကို အသုံးပြုထားခြင်းကြောင့် လက်နက်စနစ်များအတွင်း ပေါင်းစပ်တပ်ဆင်ရာတွင် လွယ်ကူစေသည့်အပြင် အနာဂတ်တွင် လိုအပ်သလို ပြင်ဆင်မွမ်းမံနိုင်ရန်လည်း အထောက်အကူပြုမည်ဖြစ်သည်။

Boeing ကုမ္ပဏီသည် ULCS ကို လေကြောင်းနှင့် ဒုံးကျည်ရန်ကာကွယ်ရေးစနစ်များ၊ တိုက်ရိုက်တိုက်ခိုက်ရေးလက်နက်များနှင့် ခရုဇ်ဒုံးကျည်များတွင် အသုံးပြုနိုင်ရန်ဖြစ်သည်။ ထိုသို့ အောင်မြင်စွာဖော်ဆောင်နိုင်ပါက တူညီသည့် အခြေခံရေဒါရှာဖွေရေးနည်းပညာတစ်ရပ်ကို လက်နက်စနစ်အမျိုးမျိုးတွင် အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ULCS စနစ်ကို လျင်မြန်စွာထုတ်လုပ်နိုင်ပြီး အရေအတွက်အမြောက်အမြား ထုတ်လုပ်ဖြန့်ချိနိုင်ရန် ဒီဇိုင်းထုတ်ထားသည့်အပြင် လေကြောင်း၊ မြေပြင်နှင့် ရေကြောင်းမှ တိုက်ခိုက်ရေးမစ်ရှင်များတွင်လည်း ရာသီဥတုအခြေအနေ မည်သို့ပင်ရှိစေကာမူ ရွေ့လျားနေသော ပစ်မှတ်များကို ရှာဖွေခြေရာခံနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လိုက်လျောညီထွေစွာအသုံးပြုနိုင်သည့်စွမ်းရည်သည် Boeing အနေဖြင့် စွယ်စုံသုံးရေဒါစနစ်ကို လက်နက်တစ်မျိုးတည်းအတွက်သာ ကန့်သတ်မထားဘဲ မတူညီသောလက်နက်အစီအစဉ်များတွင် ဆက်လက်အသုံးချနိုင်စေမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် အမေရိကန်စစ်ဘက်အနေဖြင့်လည်း မစ်ရှင်အမျိုးမျိုးအတွက် ပစ်မှတ်များကို ရှာဖွေ



ဖော်ထုတ်ခြင်းနှင့် ခြေရာခံခြင်းတို့ပြုလုပ်နိုင်သည့် ရွေးချယ်စရာနည်းပညာတစ်ရပ် ထပ်မံရရှိလာနိုင်မည်ဖြစ်သည်။

Boeing ကုမ္ပဏီသည် စွယ်စုံသုံးရေဒါစနစ်၏ ပစ်မှတ်ရှာဖွေဖော်ထုတ်နိုင်မှု၊ ခြေရာခံနိုင်မှုနှင့် စစ်ဆင်ရေးပတ်ဝန်းကျင်အတွင်း ခံနိုင်ရည်ရှိမှုတို့ကို အတည်ပြုနိုင်ရန် စမ်းသပ်မှုများစွာပြုလုပ်ပြီးဖြစ်သည်။ Boeing ကုမ္ပဏီအနေဖြင့် စွယ်စုံသုံးရေဒါစနစ်၏စွမ်းဆောင်ရည်ကို အချက်ပြလှိုင်းပြန်လည်ရောင်ပြန်မှုများကို ကန့်သတ်ထိန်းချုပ်နိုင်သော စမ်းသပ်ခန်းအတွင်း၌လည်းစမ်းသပ်ခဲ့သည်။ ၎င်းစမ်းသပ်မှုပတ်ဝန်းကျင်မှတစ်ဆင့် ပြင်ပအချက်ပြလှိုင်းများ ရောင်ပြန်ပြန်လည်ဝင်ရောက်မှုကိုလျှော့ချပြီး စွယ်စုံသုံးရေဒါစနစ်၏ အာရုံခံရှာဖွေနိုင်စွမ်းနှင့် စွမ်းဆောင်ရည်ကို တိကျစွာအကဲဖြတ်နိုင်ခဲ့သည်။

Boeing ကုမ္ပဏီသည် ၂၀၂၇ ခုနှစ်တွင် ULCS အတွက် ထပ်မံ၍လေယာဉ်ပေါ်မှ ပျံသန်းစမ်းသပ်မှုများပြုလုပ်သွားရန် စီစဉ်ထားပြီး လက်ရှိပြုလုပ်ခဲ့သည့် စမ်းသပ်မှုများမှရရှိလာသည့် အချက်အလက်များကို ULCS စနစ်၏ နောက်ဆုံးဒီဇိုင်းနှင့် ဖွဲ့စည်းပုံကို သတ်မှတ်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**From Strike Weapons to Air De-fense: Boeing Pursues Flexible Radar Seeker ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ် မှာ ပဲတီစိမ်း ၅၅၅၃ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၃၅၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပဲတီစိမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား ကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည့် အသိပညာပေးလုပ်ငန်းများဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။ (၂၀၆)






# ပူတာအိုမြို့နယ် မလိခေါမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ပူတာအို ဩဂုတ် ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မလိခေါမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများဆင်းရဲမှု လျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက မလိခေါမ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၂၆၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မလိခေါမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၅၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို ရန်ပုံငွေကျပ် ၂၆၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

# သာပေါင်းမြို့နယ်မှ ထွက်ရှိသည့်ဒေသထွက် စားတော်ပဲများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် စားတော်ပဲများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ပဲမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ စားတော်ပဲများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀ မှ ၁၅၀၀ ထိအရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။



"သာပေါင်းမြို့နယ်က ထွက်ရှိတဲ့ စားတော်ပဲက အရင်ထက် တော်တော်လေး အရောင်းအဝယ် ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှုများလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ ဒေသထွက် စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှု များပြားလာပါတယ်။ အခုလို စားတော်ပဲတွေအရောင်းအဝယ် ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာပါတယ်"ဟု သာပေါင်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

သာပေါင်းမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်ငူမြို့နယ် ဘော်နှင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်ငူ ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းဆိပ်ကျေးရွာအုပ်စု ဘော်နှင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများကကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဘော်နှင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန်ဆွေးနွေးမှာကြားခဲ့သည်။

တောင်ငူမြို့နယ် ဘော်နှင်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လျှပ်စစ်စနစ်သုံး 3HP ရေမြှုပ်ပန့် တပ်ဆင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၄၆ ဒသမ ၉၁၆ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် မေလ ၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ဘော်နှင်းကျေးရွာရှိ အိမ်ခြေ ၁၆၀ အိမ်မှ လူဦးရေ ၅၂၆ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ဒုတိယသမ္မတ ဦးညိုစော ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

ရှေ့ဖုံးမှအဆက်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ဖြစ်ပြီး ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်၏ မြောက်ဘက်သစ်ခွလမ်းနှင့် ကစ္စပနဒီလမ်းဘေးဝဲယာတို့တွင် အရိပ်ရပြီး ရာသီအလိုက် ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီအစရှိသည့် သစ်မျိုး ၁၀ မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊စက္ကူပန်းစသည့်ပန်းအလှပင် သုံးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ယခင်က နေပြည်တော်၌သာကျင်းပခဲ့ခြင်းဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်မှစ၍ မင်းဘူးမြို့နှင့် မိတ္ထီလာမြို့တို့တွင်လည်းကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဇူလိုင် ၁၂ ရက်၌ ပြင်ဦးလွင်မြို့၊ ဇူလိုင် ၁၃ ရက်၌ မင်းဘူးမြို့တို့တွင် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲတော်တစ်ကြိမ်စီ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်ရသည့်ရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်းသစ်တောများဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည်တို့ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် အတူ တစ်နိုင်ငံလုံး ဒေသအသီးသီး၌ သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ နေပြည်တော်ကိုလည်း သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်သည့်မြို့တော်အဖြစ် တည်ဆောက်သည့်နေရာတွင် အထောက်အကူရစေရန် လည်းပါဝင်ကြောင်း။

နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် နိုင်ငံတစ်ဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် အပြန်အလှန်မှီခိုလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း အကြီးမားဆုံး စိန်ခေါ်မှုမှာ “ရာသီဥတုပြောင်းလဲမှု(Climate Change)”နှင့် “ကမ္ဘာကြီးပူနွေးလာမှု (Global Warming)” ပင်ဖြစ်ကြောင်း၊အပူချိန်လွန်ကဲလာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သာမန်ထက်လွန်ကဲသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် ပြင်းထန်သည့်မုန်တိုင်းများတိုက်ခတ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ကမ္ဘာတစ်ဝန်းကြုံတွေ့ခံစားနေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ

သည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ယခင်ကထက်ပိုပြီး ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် သိသာထင်ရှားသည့်စီးပွားရေးနှင့်လူမှုရေးဆိုင်ရာဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိနေကြောင်း။

မိမိတို့နိုင်ငံတွင် မကြာသေးမီ ၂၀၂၃ ခုနှစ်ကကြုံတွေ့ခဲ့ရသည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်က တောင်တရုတ်ပင်လယ်မှ စတင်ဖြစ်ပေါ်ခဲ့သည့် စူပါတိုင်ဖွန်းရာဂိမုန်တိုင်းနှင့်အတူ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များသည် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများပင်ဖြစ်ကြောင်း၊ လက်ရှိကာလတွင်လည်း ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ မြို့နယ်တချို့တွင် မိုးများစွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျအစီအမံဖြင့် အထူးအလေးထား ပေါင်းစပ်ဆောင်ရွက်နေသည်ကို ဌာနဆိုင်ရာများနှင့် ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်နေသည်ကို သတိပေးမှာကြားလိုကြောင်း။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရေးအတွက် အရိုးရှင်းဆုံး၊အလွယ်ကူဆုံး၊ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင်လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် လူသားများ



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

**ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အရိပ်ရပြီး ရာသီအလိုက် ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့် သစ်မျိုး ၁၀ မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်း စသည့်ပန်းအလှပင် သုံးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ စိုက်ပျိုးနိုင်ခဲ့ . . .**

အပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် "အသက်ပံ့ပိုးမှုစနစ်-life Supporting System"အဖြစ် သတ်မှတ်ထားကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ထို့မှမက ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးနှင့်စားရေရိက္ခာဖူလုံရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များအားလုံး၏ ဗဟိုချက်ဖြစ်သည့်အတွက် စိုက်ပျိုးထိန်းသိမ်းပြီး စနစ်တကျစီမံအုပ်ချုပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊လမ်းတံတားဆောက်လုပ်လှူဒါန်းခြင်း၊ ရေတွင်းရေကန်တူးဖော်လှူဒါန်းခြင်း စသည်တို့နှင့် တန်းတူအကျိုးထူးများ ရရှိနိုင်သည့် ထာဝရကုသိုလ်တစ်ခုပင်ဖြစ်ကြောင်း၊ အေးမြသည့် အရိပ်အာဝါသ၊ လှပစိမ်းစိုသည့်ရှုခင်း၊ အရောင်စုံပြီး မွှေးပျံ့သည့်ပန်းရနံ့များကို လူတိုင်း ကြိုက်နှစ်သက်သည်ဖြစ်သည့်အတွက် စိုက်သည့်သစ်ပင်တိုင်း ရှင်သန်အောင်မြင်စေလိုသည့် စိတ်ရင်းစေတနာကောင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် တူညီသည့်အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်သစ်တောများ ပြန်လည်ထူထောင်ရေး စီမံကိန်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်းစသည့် သစ်တောထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်းများကိုလည်း ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် အာဆီယံလမ်းမကြီး လမ်းဘေးဝဲယာ၊ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာများ၊ ကျေးရွာခရိုင်ချင်းဆက်လမ်းဘေး ဝဲယာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

များ၌ အရိပ်ရအပင်များ စိုက်ပျိုးခြင်း၊ သစ်တောသစ်ပင်ကျဲပါးသည့် တောင်ကုန်းထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်း၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများတည်ထောင်ခြင်း၊ မြို့ပြသစ်တောများ ဖွံ့ဖြိုးရေး၊ မြို့ပြဧရိယာများစိမ်းလန်းစိုပြည်ရေးတို့ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရုံသာမက နိုင်ငံ့စီးပွားရေးကို အထောက်အကူဖြစ်စေမည့် ဝါး၊ ရော်ဘာစသည့် နှစ်ရှည်စက်မှုကုန်ကြမ်း သစ်ပင်မျိုးများကိုလည်း အခြေအနေပေးသည့်၊ ရနိုင်သည့်နေရာများတွင်

**စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှအဆက်

စိုက်ပျိုးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခြင်းအပြင် မိသားစုအလိုက်၊ လူမှုရေးအသင်းအဖွဲ့များအလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအလိုက် သစ်ပင်စိုက်ပျိုးခြင်းကိုလည်း ဒေသအသီးသီး၌ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် စိုက်ပျိုးကြရမည်ဖြစ်ပြီး "တစ်ပင်စိုက်၊တစ်ပင်ရှင်သန်စေရေး" ကိုလည်း အထူးအလေးထားစိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ်ကြောင်း။

နိုင်ငံတစ်ဝန်း Green City ၊ Clean City ၊ Smart City နှင့် Green Village များ ဖွံ့ဖြိုးလာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူများပူးပေါင်းပါဝင်မှုနှင့်အတူ အင်တိုက်အားတိုက်ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

ထိုသို့ဆောင်ရွက်မှသာ နေထိုင်ချင်စဖွယ်ကောင်းသည့် မြို့များ၊ ကျန်းမာသည့် လူမှုအသိုက်အဝန်းများနှင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့် လူနေမှုပတ်ဝန်းကျင်များ ဖန်တီးနိုင်မည်ဖြစ်ပြီး

**သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရေးအတွက် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင် လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရှိစေရေးရည်မှန်းချက်ကို စောစီးလျင်မြန်စွာဖြင့်မလွဲမသွေအောင်မြင်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ သစ်ပင်သစ်တောပေါကြွယ်ဝမှု၊ စိမ်းလန်းစိုပြည်မှု၊ သာယာလှပမှုများသည် နိုင်ငံသားများ၏ ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်နှင့် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၏သန္ဓေတည်ရာမျိုးစေ့လည်း ဖြစ်လာနိုင်မည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများ တည်ရှိနေခြင်းသည် အတိတ်ကာလ၏အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွား၊ အနာဂတ်၏ဖွံ့ဖြိုးတိုးတက်မှုဟုဆိုနိုင်ကြောင်း၊ ထို့ကြောင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသည့် မူဝါဒနှင့်အညီ နိုင်ငံရေးရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ကံ့ကော်ပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိက ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါးစိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ ဝင်များသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များတပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အရိပ်ရပြီး ရာသီအလိုက်ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့် သစ်မျိုး ၁၀ မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်း စသည့်ပန်းအလှပင် သုံးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

PPIB News







နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

☆ ကျောဖုံးမှအဆက်

ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့ လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်း စစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့်နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှု ကော်မတီ"က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က ထာဝစဉ် တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ၁၃ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၅**

"လုံခြုံလှပဘဝများ အမျိုးသမီးနှင့် ကလေးတိုင်းရစေသား" ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF) ၏ ၁၃ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ (၁) ဦးညိုစော၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးနှင့် ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများ၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာမြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ Theme Song "လုံခြုံလှပဘဝများ အမျိုးသမီးနှင့်ကလေးတိုင်းရစေသား" သီချင်းဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက သရုပ်ဖော်ကပြဖျော်ဖြေတင်ဆက်ကြပြီး MWCDF အသင်း၏ ၁၃ နှစ်တာကာလအတွင်း အသင်း၏ လှုပ်ရှားမှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF)မှ ကဏ္ဍအသီးသီးတွင် နိုင်ငံတော်အဆင့် ဆုရရှိသူများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌများကို ဒုတိယသမ္မတ(၁) ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်နီလာတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး အသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ လှုပ်ရှားဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အနေဖြင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး အသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဦးစီး၍ အသင်းနှစ်ပတ်လည်အစည်းအဝေးအားကျင်းပပြီး အသင်းဘဏ္ဍာငွေ သုံးစွဲခြင်းနှင့် အသင်းဆောင်ရွက်ချက်များဆွေးနွေးခြင်း၊ အသင်း ဖွဲ့စည်းပုံနှင့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားခြင်း၊ လုပ်ငန်းစဉ်အကျဉ်းချုပ်တင်ပြခြင်း၊ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများ ရှင်းလင်းပြောကြားခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများသို့ ထောက်ပံ့ငွေ၊ အသင်းဗလာစာအုပ်နှင့် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ဂုဏ်ပြုဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။




ဒုတိယသမ္မတ(၁)၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး ဂုဏ်ပြုဆုရရှိသူ တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။




ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး ဂုဏ်ပြုဆုရရှိသူ တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ၁၃ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပစဉ်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

## လူငယ်စကားဝိုင်း ၂၀၂၆ သို့ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများအပါအဝင် လူငယ် ဦးရေ ၁၀၀၀ ကျော် တက်ရောက်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ အတွေးအမြင်၊ အတွေ့အကြုံများကို ဖော်ထုတ်မျှဝေဖလှယ်နိုင်ရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ခေါင်းဆောင်မှု၊ တီထွင်ဖန်တီးမှုနှင့် လူမှုရေးတာဝန်ယူမှုများကို မြှင့်တင်ပေးနိုင်ရန်နှင့် ပိုမိုစည်းလုံးညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်ရန်၊ ပွင့်လင်းလွတ်လပ်စွာ ဆွေးနွေးဖလှယ်ပြီး အတွေ့အကြုံ၊ အသိပညာ၊ အကြံဉာဏ်များကို အပြန်အလှန်မျှဝေနိုင်မည့် လူ့အဖွဲ့အစည်းအကျိုးပြု ဆွေးနွေးပွဲယဉ်ကျေးမှုတစ်ရပ်ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကျင်းပသည့် လူငယ်စကားဝိုင်း ၂၀၂၆ ကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများအပါအဝင် လူငယ် ဦးရေ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်စကားဝိုင်းကို ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကျင်းပခြင်းဖြစ်ပြီး အောင်မြင်သည့်စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် အတွေ့အကြုံရှိသည့် ခေါင်းဆောင်များ၏ လက်တွေ့ဘဝ အတွေ့အကြုံများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့သည့် နည်းလမ်းများနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်သင့်သည့် အကြောင်းအရာများကို လူငယ်များအနေဖြင့် လေ့လာသိရှိနိုင်မည် ဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ယနေ့စကားဝိုင်းသည် လူငယ်များ၏ ဗဟုသုတနှင့် အမြင်ကျယ်ပြန့်မှုကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ယနေ့ကာလသည် ကမ္ဘာ့နိုင်ငံများအနေဖြင့် နည်းပညာတိုးတက်ပြောင်းလဲမှုများ၊ စီးပွားရေးပုံစံအသစ်များနှင့်အတူ အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာသကဲ့သို့ စိန်ခေါ်မှုအသစ်များလည်း ရင်ဆိုင်နေရသည့်ကာလဖြစ်ကြောင်း၊ စိန်ခေါ်မှုကိုဖုံးကွယ် အခွင့်အလမ်းဟု ရှုမြင်သည့် ယနေ့ခေတ်လူငယ်များအနေဖြင့် သမားရိုးကျရိုးရာအလုပ်အကိုင်ပုံစံများမှ ကျော်လွန်ထိုးဖောက်သည့် စိတ်ကူးစိတ်သန်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းများကို အသုံးချပြီး ကိုယ်ပိုင်ဆန်းသစ်တီထွင် လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အခမ်းအနားပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်ချက် ဗီဒီယိုကို ကြည့်ရှုအားပေးခဲ့ကြကာ လူငယ်စကားဝိုင်း ၂၀၂၆ ကို စတင်ဆွေးနွေးခဲ့ကြသည်။




အလားတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံတို့က အဝေးသင်တက္ကသိုလ်၌ ရန်ကုန်အဝေးသင်တက္ကသိုလ်(YUDE)နှင့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MYDA) တို့ ပူးပေါင်းကျင်းပသည့် "Job – Ready Skills Workshop for Youth" အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ်နှင့်မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံတို့က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက်ထိ ကျင်းပမည်ဖြစ်ပြီး လူငယ်များတစ်ဦးချင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အင်တာဗျူးနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှု၊ လုပ်ငန်းခွင်ဆိုင်ရာဥပဒေအသိပညာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## မတ္တရာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(လွန်တောင်း)တွင် ငှက်ပျောပင် ၁၀၀၀ စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ




မန္တလေး ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ အောင်မြေသာစံခရိုင် မတ္တရာမြို့နယ် လွန်တောင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (လွန်တောင်း)ရှိ မြေ ၂ ဒသမ ၃၃ ဧကတွင် ငှက်ပျောပင် ၁၀၀၀ စုပေါင်းစိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ဆက်စပ်ဌာနများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ အသင်းအဖွဲ့များ၊ဒေသခံရပ်မိရပ်ဖများ စုစုပေါင်း ဦးရေ ၂၉၀၀ ကျော် တက်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သတ်မှတ်နေရာများတွင် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ငှက်ပျောပင် ၁၀၀၀ ကို စိုက်ပျိုးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငှက်ပျောပင်များ တပျော်တပါးစိုက်ပျိုးနေကြသည့် ကျောင်းသား၊ကျောင်းသူများကိုလိုက်လံအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများကို စိုက်ပျိုးပြီး ငှက်ပျောပင်များရှင်သန်ဖြစ်ထွန်းရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့်ပညာသင်ကြားနေမှုများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများကို နံနက်စာဖြင့် ဧည့်ခံကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်းနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

❖ **နေရာကွက်၍မိုးကြီးနိုင်မှု**

ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

# လက်ပံတန်းမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ



**ပဲခူး ဩဂုတ် ၁၅**

သာယာဝတီခရိုင်လက်ပံတန်းမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ပံတန်းမြို့နယ် အုန်းကုန်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်း ရေတိုက်စားခြင်းအား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လက်ပံတန်းမြို့နှင့် မိုးညိုမြို့တို့ကို ရေဘေးကာကွယ်ပေးထားသည့် ဧရာဝတီမြစ်အရှေ့ဘက်ရှိ ရေဘေးကာကွယ်ရေးတာများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် လက်ပံတန်းမြို့နယ် ကွမ်းသီးတစ်ပင်ကျေးရွာအုပ်စု စာနီစုကျေးရွာအနီးရှိ ဧရာဝတီအရှေ့ဘက်ကမ်းတာ တာမိုင် ၉/၀၅ ကမ်းရင်းတာကမ်းပါးရေတိုက်စားမှုဖြစ်ပေါ်ခဲ့ရာ ကာကွယ်နေမှုအခြေအနေနှင့် ပန်းတာတာကြံ့ခိုင်ရေး ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီအရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများသည် သက်တမ်းကြာမြင့်သည့် မြေသားတာပေါင်များဖြစ်ခြင်း၊ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲခြင်းတို့ကြောင့် တာများ၏ကြံ့ခိုင်မှုကို ရေကင်းများထားရှိ၍ စဉ်ဆက်မပြတ်စောင့်ကြည့်ရန်၊ တာပြင်ဆင်ရန်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာထားရှိရန် မှာကြားသည်။

အလားတူ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရေဘေးကာကွယ်ရေးတာများ ရေရှည်တည်တံ့ရေး ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်မှာကြားပြီး ထောက်ပံ့ပစ္စည်း၊ နေ့လယ်စာထမင်းဘူး၊ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စာနီစုရေဘေးကာကွယ်ရေးပန်းတာ ကြံ့ခိုင်မှုဆောင်ရွက်နေကြသော ဌာနဆိုင်ရာများ၊ ဒေသခံလုပ်အားပေးများအတွက် ဂုဏ်ပြုငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ် သံလွင်တံတား(ချောင်းဆုံ) တံတားတိုင်အမှတ် (K12)နှင့်(K13)ကြား အရေးပေါ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**မော်လမြိုင် ဩဂုတ် ၁၅**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၈) မွန်ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ချောင်းဆုံမြို့နယ် သံလွင်တံတား (ချောင်းဆုံ) တံတားတိုင်အမှတ် (K12)နှင့် (K13)အကြား အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကိုမွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းက သွားရောက်ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ထားသည့် ဘဏ္ဍာနှစ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ သက်ဆိုင်ရာဌာနတာဝန်ရှိသူများကို မှာကြားသည်။

အဆိုပါကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် Bamboo Floating Units (ဝါးရေတောင်မွေးတွဲဝါးဖောင်) အလျား ပေ ၁၀၀၀ ချထားခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **စည်သူ(ပြန်/ဆက်)**



# ဖလမ်းမြို့ရှိ ဗလိုင်ရပ်ကွက် ဗဟိုကျောင်းလမ်းတစ်လျှောက်ရှိ အကြမ်းဖက် လုပ်ရပ်များကြောင့် ပျက်စီးသွားသည့် အပျက်အစီးများကို ရှင်းလင်းဖယ်ရှား

**ဖလမ်း ဩဂုတ် ၁၅**

ချင်းပြည်နယ် ဖလမ်းမြို့ရှိ ဗလိုင်ရပ်ကွက်ဗဟိုကျောင်းလမ်းတစ်လျှောက်ရှိ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးသွားသည့် အပျက်အစီးများကို ယနေ့တွင် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဖလမ်းမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ စုပေါင်းလုပ်အားပေးအင်အား ၂၅၂ ဦးကို မုန့်နှင့် အချိုရည်များ ပေးဝေကြသည်။

ထို့ပြင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အဆောက်အအုံ အပျက်အစီးများနှင့် ချုံနွယ်များကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုနှင့် ကျောင်းအဆောက်အအုံ အကြီးစားပြုပြင်ရန်လိုအပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဆူရ်ဘုန်လေဆိပ်ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် လေဆိပ်အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့် လေယာဉ်ပြေးလမ်းအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ မြို့မရပ်ကွက်၊ အထက(ခွဲ)ကျောင်းလမ်းနှင့် ချယ်ရီလမ်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်မှု၊ မြို့မရပ်ကွက် အစ်နား (Itna) ရေထွက်အနီးဝန်းကျင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းမှု၊ ကမ်ဟောက်လမ်းမကြီးဘေးတွင် မြို့နယ်လမ်းဦးစီးဌာနက မြေထိန်းနံရံတည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူးသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက လေးဆန်ရပ်ကွက်နှင့် ခေါဝုန်ရပ်ကွက်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**○ လျှပ်စစ်ဓာတ်အားသုံးစွဲသူမှ**
ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်အတွင်း စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

၃။ ထို့ပြင် ဓာတ်အားခိုးယူသုံးစွဲမှုများတွင် ပါဝင်ပတ်သက်မှုရှိသည့် ဝန်ထမ်းများကို ထိရောက်စွာအရေးယူခြင်း၊ လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်း အရေးယူခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ဖြစ်၍ ဓာတ်အားခိုးယူသုံးစွဲမှုများ လျော့နည်းပပျောက်လာသည်နှင့်အမျှ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်သည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ပြည်သူများသို့ ပိုမို၍တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျအသုံးပြု၍ ကိုယ်ချင်းစာစိတ်များဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန်နှင့် မသမာမှုအားတွေ့ရှိရပါကလည်း အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့၍ တိကျစွာတိုင်ကြားနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(ရုံးချုပ်) - ၀၆၇-၃၄၁၀၀၇၂
(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) - ၁၇၁၇
(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC) - ၁၆၁၆
၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇
၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။ **(မိုး/ဇလ)**

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်
သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းနှင့် Animation ဗီဒီယိုပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

"ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို QR သုံး၍ ရယူပါ"





ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |


# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ခုတင်(၅၀၀) အရိုးအထူးကု ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု လိုက်လံကြည့်ရှုအားပေး



**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ခုတင်(၅၀၀)အရိုးအထူးကုဆေးရုံကြီးဝင်းအတွင်း ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြင်ဆင်နေမှု၊ လူနာများလက်ခံကုသပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများ စိတ်ချမ်းမြေ့စေရေး၊ ဆေးရုံပရဝဏ်အတွင်း၊အပြင် အစဉ်အမြဲအမြင်တင့်တယ်စေရေးတို့ကို အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများမှ နုန်းစာများဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့် နေ့အပူချိန်များ

(၁၅-၈-၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

### ◆ လေးမျက်နှာမြို့မှ

ယနေ့ထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့်ပတ်ဝန်းကျင်ကျေးရွာ ၁၂၄ ရွာ၊ ဟသ်ာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် လေးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက်နှစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာ၊ ကျောင်းကုန်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာနှစ်ရွာ စုစုပေါင်းမြို့ပေါ်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၂၀၁ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။






အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဝဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝဝန်ပန်းတာရေဝင်လမ်းကို(Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

### ❑ စက်ဘီးစီးပြိုင်ပွဲမှ

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့သည်။

ပြိုင်ပွဲတွင် တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)ထိ ၄၃ မိုင်ခန့်အကွာအဝေးရှိပြီး မန္တလေး-ပြင်ဦးလွင် သတ်မှတ်လမ်းကြောင်းများအတိုင်း စီးနင်းယှဉ်ပြိုင်ကြရပြီး အသက် ၆၀ နှစ်အထက် ၁၂ ဦးအပါအဝင် အသက် ၁၆ နှစ်အထက် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၄၉၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအစီအစဉ်အတိုင်း ဆက်လက်ကျင်းပကာ ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ




ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ(စည်ပင်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်း၊ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း) ပြင်ပကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

"ကျွန်မကတော့ အခုဒီလေ့လာရေးခရီးကို G-9 ကို တာဝန်ခံပြီးတော့ လာရောက်လေ့လာတာ ဖြစ်ပါတယ်။ အကျိုးကျေးဇူးတွေကတော့ အများကြီးရမယ်လို့ထင်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဒီလိုလေ့လာရေးခရီးစဉ်မျိုး တစ်ခါမှ သူတို့အနေနဲ့ မလာဖူးသေးတဲ့အခါကျတော့ တပ်မတော်ရဲ့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ပုံတွေပေါ့နော်။ ခေတ်အဆက်ဆက် တာဝန်ယူခဲ့ရတဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တွေ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်နေတဲ့ပုံတွေကို အများကြီး လေ့လာခွင့်ရခဲ့တဲ့အတွက် သူတို့အတွက်လဲ အကျိုးကျေးဇူးတွေလဲ အများကြီးရမယ်လို့ထင်ပါတယ်။ စာတွေ့နဲ့သာ လေ့လာခဲ့ရတယ်ဆိုတော့ ဥပမာ ဇူလိုင် ၁၉ ဆိုရင် အာဇာနည်နေ့ဆိုတာ သူတို့သိတယ်။ ဖေဖော်ဝါရီ ၁၂ ရက်ဆိုရင်လဲ ပြည်ထောင်စုနေ့ကိုသူတို့သိတယ်။ အခုလိုမျိုး ပြလိုက်တဲ့အခါကျတော့ ရှေးအဆက်ဆက်က လွတ်လပ်ရေးရအောင် ဘယ်လိုတွေ ကြိုးပမ်းခဲ့ရတယ်။ လွတ်လပ်ရေးရရှိဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ရဲဘော်သုံးကျိပ် ကြိုးပမ်းခဲ့ရတဲ့ပုံတွေပေါ့နော်။ အဲဒါတွေကြည့်လိုက်ရတဲ့အခါမှာ သူတို့အတွက်လဲ ရင်ထဲမှာ တစ်ခုခုတော့ ခံစားသွားစေရမယ်လို့ ထင်ပါတယ်။ ကလေးတွေနဲ့ အတူတူ လေ့လာရေးလာရတဲ့အတွက်လဲ ပျော်ပါတယ်။ ဒီလို တပ်မတော်စစ်သမိုင်းပြတိုက်တွေကို သူတို့ဟာသူတို့ လာဖို့ဆိုတာမဖြစ်နိုင်ဘူးပေါ့နော်။ အခုလိုလေ့လာဖို့ လာပြီး ကမ်းလှမ်းပေးတဲ့အတွက် စစ်သမိုင်းပြတိုက်တာဝန်ခံတွေကို ကျေးဇူးတင်ပါတယ်။ အများကြီးလေ့လာခွင့်ရတဲ့အတွက် အရမ်းကို ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

"တပ်မတော် စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ Tourism and Hospitality လုပ်ငန်းကနေပြီးတော့ စာတွေ့၊လက်တွေ့သင်ကြားရတဲ့ ဘာသာရပ်ဖြစ်တဲ့အတွက်ဖြစ်လို့ အဲ့ဒီလုပ်ငန်းနယ်ပယ်တွေမှာ ကျွန်တော်တို့ပိုပြီးတော့ စွမ်းဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့ ဒီလိုမျိုးလေ့လာရေးခရီးတွေ ထွက်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အခု ၂၁ ရာစုပေါ့နော်။ ဒီ၂၁ ရာစုမှာဆိုရင် ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးဟာဆိုရင် ခေတ်အဆက်ဆက် တည်တံ့လာတဲ့ အတွက်ကြောင့်မို့လို့ သမိုင်းပေါင်းများစွာလဲ ကျွန်တော်တို့မှာရှိတယ်။ ပထမ မြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်နဲ့ ယခုလက်ရှိအချိန်ထိ ခေတ်အဆက်ဆက် သမိုင်းတွေလဲ အများကြီးရှိတယ်။ သမိုင်းတွေကနေ ကျွန်တော်တို့က အတုယူရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လူငယ်တွေကနေ ဒီသမိုင်းတွေကနေ အတုယူပြီးတော့ ကျွန်တော်တို့နိုင်ငံကို ဘယ်လိုမျိုးဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမယ်။ ဘယ်လိုမျိုးပိုကောင်းအောင်လုပ်ရမယ်။ ကျွန်တော်တို့ရဲ့ရှေ့မှာလုပ်ခဲ့ပေးတဲ့ လူကြီးတွေ သမိုင်းဝင် လူကြီးတွေက သမိုင်းဝင်ပုဂ္ဂိုလ်ကြီးတွေရဲ့ လမ်းညွှန်မှုတွေ သူတို့တွေက ဘယ်လိုမျိုးတွေ ပြောခဲ့တာလဲ ဘယ်လိုမျိုးရှိတယ်။ ကျွန်တော်တို့နိုင်ငံက ဘယ်လိုမျိုး ဖွံ့ဖြိုးတိုးတက်နေတယ်။ ဘယ်လိုမျိုးဆောင်ရွက်ခဲ့တယ်။ ဆိုတဲ့အပေါ်မှာ ကျွန်တော်တို့ရဲ့ အမြင်တွေ ကျွန်တော်တို့ရဲ့ Thinking ကျွန်တော်တို့ရဲ့ လုပ်ဆောင်ရမယ့် ဒီလုပ်ငန်းဆောင်တာတွေကို ကျွန်တော်တို့ စဉ်းစားတွေးခေါ်နိုင်သွားမှာဖြစ်ပါတယ်။ကျွန်တော်တို့ ကိုယ့်ရဲ့နိုင်ငံ၊ ကိုယ့်ရဲ့လူမျိုး၊ ကိုယ့်ရဲ့သမိုင်းတွေကို လေးလေးစားစားသိရှိထားမှ သာလျှင် ကျွန်တော်တို့အတွက်အကျိုးရှိနိုင်မှာဖြစ်ပါတယ်။ အဲ့ဒီလိုပဲ ကျွန်တော်တို့





ဘယ်လိုမျိုးတွေဆုံးမခဲ့လဲ ဆိုတာတွေကို ကျွန်တော်တို့ လူငယ်တွေက ဒါတွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ လာမယ့်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ လူငယ်တစ်ယောက်က သမိုင်းသိရှိခြင်းနဲ့ သမိုင်းမသိရှိခြင်းဟာဆိုရင် လူငယ်တစ်ယောက်မှာ သမိုင်းသိရှိခြင်းက ပိုပြီးတော့အရေးကြီးတယ်ပေါ့နော်။ ဒီသမိုင်းသိရှိထားတဲ့ သူတစ်ယောက်အတွက်က ကျတော့ ကျွန်တော်တို့ နိုင်ငံတကာနယ်ပယ်ပဲ သွားသွား ကျွန်တော်တို့နိုင်ငံတွင်းမှာပဲ သွားသွား ကျွန်တော်တို့ရဲ့ နိုင်ငံသမိုင်းကို သိရှိထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဟာဆိုရင် ဒီနိုင်ငံက လူငယ်တွေဟာလဲ နောင်အခါမှာ လူကြီးဖြစ်မှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့အကြောင်းတွေကလဲ နောင်တစ်ချိန်မှာ သမိုင်းဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လူငယ်တွေကလဲ သမိုင်းကြောင်းတွေကို သေချာနားလည်ထားမယ်၊ သေချာသိရှိထားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ သမိုင်းကြောင်းတွေဟာလဲ ပိုပြီးကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်လူရွယ်တိုင်းဟာဆိုရင် ဒီသမိုင်းကြောင်းတွေကို လေ့လာသင့်တယ်။ သိရှိသင့်တယ်။ သိရှိမှလဲ ပိုပြီးတော့ ထူးချွန်ထက်မြက်တဲ့ လူကောင်းတွေဖြစ်မယ်။ ဒါမှလဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်"ဟု ပြောသည်။

(၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# တောင်ကြီးမြို့၊ ထန်းတပင်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် တပ်ဦးဥတ္တရာရုံကျောင်းတိုက်ရှိ သံဃာတော်များအား အဆိုပါကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၁၃ ပါးတို့အား သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချိုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တပ်ဦးဥတ္တရာရုံကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာရှိ လှပဒါးကျောင်းတိုက်၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၂၁ ပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ခ)ရပ်ကွက်ရှိ သီလရက္ခိတဓမ္မာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ ဒေသခံပြည်သူ ၁၄၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မကွေးမြို့နယ် မြေနုကျွန်းကျေးရွာ ရေဘေးရှောင်ပြည်သူများကို စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်

**မကွေး ဩဂုတ် ၁၅**

ဧရာဝတီမြစ်ရေ ဝင်ရောက်မှုများကြောင့် ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ရေဘေးရှောင်ပြည်သူများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သိရသည်။

ယမန်နေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် မကွေးမြို့နယ် မြေနုကျေးရွာအုပ်စု မြေနုကျေးရွာသို့သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စု ၁၄၄ စုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ဆန် လေးပြည်၊ ဆီ ၂၅ ကျပ်သား၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ ကြက်ဥ ၁၀ လုံးနှင့် ရေသန့် 1-Litre တစ်ကတ်နှုန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၃၉ သိန်းကျော်ကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ရေဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ ၅၅၀ အတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၇ သိန်းကျော်ကိုလည်းကောင်း ရေဘေးရှောင်ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ဒုဋ္ဌဝတီမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၆ စင်တီမီတာ (ခြောက်လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၁ စင်တီမီတာ (၁ ပေ ၈ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ၃၀ စင်တီမီတာ(တစ်ပေ)ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၆ စင်တီမီတာ (၁ ပေ ၁၀ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ၁၀ စင်တီမီတာ(လေးလက်မ) ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၀ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ၁၅ စင်တီမီတာ(ခြောက်လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၄ စင်တီမီတာ (ကိုးလက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ၁၅ စင်တီမီတာ(ခြောက်လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၆ စင်တီမီတာ (၃ ပေ ၂ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ၅ စင်တီမီတာ (နှစ်လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ (၁ ပေ ၆ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း ၁၀ စင်တီမီတာ (လေးလက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (၁၁ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် ညောင်ဦးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဘားအံမြို့နယ်၊ ဆိပ်သာမြို့နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

# ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့၊လင်းခေးမြို့၊ မိုင်းပန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျောက်တန်းမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ စာသင်ခုံများနေရာချထားပေးခြင်း၊ ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဪ)

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၁ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့ပြီး အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၁ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့်ပါကစ္စတန်နိုင်ငံသားလေးဦး၊ အိန္ဒိယနိုင်ငံသား သုံးဦး၊ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ ကင်မရွန်းနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၁ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၁ ဦးကို ပြည်ဝင်ခွင့်ဗီဇာစည်းကမ်း ဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃ (၁) / ၁၃(၁)အရ ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တရားစွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်းဦးရေ ၁၄၇၆၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ဦးရေ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၉၄၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃ (၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၆ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(ဪ)

# GLP-1 ထိုးဆေးများ အဝလွန်ရောဂါကုသမှု၏ မျှော်လင့်ချက်အသစ်လား

မန္တလာဆရာမျိုး




ဩဂုတ် ၁၃ ရက်မှအဆက်

အစာအိမ်မှ အစာလွှတ်နှုန်း အလွန်နှေးကွေးနေသော Gastroparesis ရှိသူများ၊ ပြင်းထန်သည့် အစာအိမ်အူလမ်းကြောင်းရောဂါရှိသူများ၊ ယခင်က ပန်ကရိယရောင်ဖူးသူများနှင့် သည်းခြေအိတ်ရောဂါရှိသူများသည် GLP-1 ဆေးမသုံးမီ ဆရာဝန်ကို မဖြစ်မနေ အသိပေးရမည်။ ဆီးချိုဆေးတချို့ အထူးသဖြင့် အင်ဆူလင်နှင့် သွေးတွင်းသကြားဓာတ် အလွန်လျော့ကျစေနိုင်သော ဆေးများနှင့် တွဲဖက်သုံးစွဲပါက Hypoglycemia ဟုခေါ်သော သွေးတွင်းသကြားဓာတ် အလွန်နည်းခြင်းဖြစ်နိုင်သဖြင့် ဆေးပမာဏ ညှိရန် လိုအပ်နိုင်သည်။

ကိုယ်ဝန်ရှိသူ၊ ကိုယ်ဝန်ယူရန် စီစဉ်နေသူနှင့် နို့တိုက်မိခင်များအနေဖြင့် GLP-1 ဆေးများကို ကိုယ်တိုင်မသုံးသင့်ပါ။ ထိုအခြေအနေများတွင် ဆေးအသုံးပြုမှု၏ အကျိုးနှင့် အန္တရာယ်ကို ဆရာဝန်က တစ်ဦးချင်းစိစစ်ဆုံးဖြတ်ရမည်။ အချို့သော Thyroid cancer မျိုးရိုးမှတ်တမ်းရှိသူများသည်လည်း ဆေးမသုံးမီ မိသားစုရောဂါရာဇဝင်နှင့် ပတ်သက်၍ ဆရာဝန်ကို အသေးစိတ်ပြောပြသင့်သည်။

GLP-1 ဆေးများနှင့်ပတ်သက်၍ အရေးကြီးဆုံး အန္တရာယ်တစ်ခုမှာ ကိုယ်တိုင်ဝယ်ယူထိုးသွင်းခြင်းဖြစ်သည်။ လူမှုကွန်ရက်မှတစ်ဆင့် ဝယ်ယူခြင်း၊ မူရင်းအထောက်အထားမရှိသော ဆေးများကို အသုံးပြုခြင်းနှင့် ဆေးညွှန်းမရှိဘဲ Dose ကို ကိုယ်တိုင်ဆုံးဖြတ်ခြင်းတို့သည် အန္တရာယ်များသည်။ ဆေးအတု၊ ဆေးပမာဏမမှန်သော ထုတ်ကုန်သို့မဟုတ် သိုလှောင်မှုမမှန်သော ဆေးများဖြစ်နိုင်သည်။ ထို့ပြင် ဆေးထိုးပြီးနောက် ဘေးထွက်ဆိုးကျိုးများကို စောင့်ကြည့်ပေးမည့် ကျန်းမာရေးပညာရှင်မရှိပါက ပြင်းထန်သောပြဿနာများကို အချိန်မီ မသိရှိနိုင်ပေ။

GLP-1 ဆေးအသုံးပြုနေသူများသည် ကိုယ်အလေးချိန်ကျသည့် ကိန်းဂဏန်းကိုသာ အာရုံမစိုက်သင့်ပါ။ ကိုယ်အလေးချိန်လျှော့ချရာတွင် အဆီဓာတ်သာမက ကြွက်သားထုထည်ပါ လျော့နည်းနိုင်သည်ကို သတိပြုသင့်ပေသည်။ ထို့ကြောင့် ပရိုတင်းပါဝင်သော အစားအစာများကို လုံလောက်စွာ စားသုံးရန်နှင့် ကိုယ်လက်လှုပ်ရှားမှု၊ အထူးသဖြင့် ကြွက်သားအားကောင်းစေသော လေ့ကျင့်ခန်းများကို သင့်တော်သလို ပြုလုပ်ရန်လိုအပ်သည်။ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းနှင့် ရေကူးခြင်းကဲ့သို့ နှလုံးနှင့် အဆုတ်ကို လှုံ့ဆော်ပေးသော လေ့ကျင့်ခန်းများနှင့် ကြွက်သားအားပေးသော လေ့ကျင့်ခန်းများကို ပေါင်းစပ်လုပ်ဆောင်ခြင်းက ပိုမိုကောင်းမွန်သည်။

အစာစားချင်စိတ် လျော့နည်းသွားသောကြောင့် အစားအစာအလွန်နည်းစွာ စားသုံးမိပါက ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များ မလုံလောက်ခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် စားသုံးသည့် ပမာဏနည်းသော်လည်း အာဟာရသိပ်သည်းမှုရှိသော အစားအစာများကို ရွေးချယ်ရမည်။ ဥ၊ ငါး၊ အသားအဆီနည်း၊ ပဲအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ဟင်းသီးဟင်းရွက်နှင့် သင့်တော်သော သစ်သီးများကို မျှတစွာ ထည့်သွင်းစားသုံးသင့်သည်။ အချိုရည်၊ Bubble Tea၊ အရက်၊ ကြော်လှော်စာနှင့် Fast Food များကို လျှော့ချသင့်သည်။

GLP-1 ဆေးကို အသုံးပြုနေစဉ် ကုသမှု၏ ရလဒ်ကို ပုံမှန်ပြန်လည်သုံးသပ်ရန်လည်း လိုအပ်သည်။ ကိုယ်အလေးချိန် မည်မျှကျဆင်းသနည်း၊ ခါးပတ်လည်အတိုင်းအတာ လျော့နည်းလာသလား၊ သွေးပေါင်ချိန်နှင့် သွေးတွင်းသကြားဓာတ် ကောင်းမွန်လာသလား၊ ဘေးထွက်ဆိုးကျိုးကို ခံနိုင်ရည်ရှိသလားနှင့် ဆေးကုန်ကျစရိတ်ကို ရေရှည်ခံနိုင်သလားဆိုသည့်အချက်များကို ဆရာဝန်နှင့်အတူ ပြန်လည်သုံးသပ်ရမည်။

ဆေးကို ရပ်လိုက်ပါက ဘာဖြစ်မည်နည်းဆိုသည်မှာ လူအများစိတ်ဝင်စားသည့် မေးခွန်းတစ်ခုဖြစ်သည်။ GLP-1 ဆေးများသည် အများအားဖြင့် ရက်ပိုင်း၊ လပိုင်းသာသုံး၍ အပြီးတိုင်ပျောက်ကင်းစေသော ဆေးမဟုတ်ပါ။ ဆေးရပ်လိုက်သောအခါ ဆာလောင်မှုနှင့် အစာစားချင်စိတ် ပြန်တက်လာနိုင်ပြီး စားသုံးမှုပမာဏ ပြန်များလာပါက ကိုယ်အလေးချိန်လည်း ပြန်တက်နိုင်သည်။ ထို့ကြောင့် အဝလွန်ရောဂါကို နာတာရှည်ရောဂါတစ်ခုအဖြစ် နားလည်ကာ ရေရှည်စီမံခန့်ခွဲရန် လိုအပ်သည်။

သို့သော် GLP-1 ဆေး စသုံးလိုက်သည်နှင့် တစ်သက်လုံး မဖြစ်မနေသုံးရမည်ဟုဆိုလိုခြင်း မဟုတ်ပါ။ ဆေးဆက်သုံးမည်၊ ဆေးပမာဏလျှော့မည်၊ အခြားကုသမှုသို့ပြောင်းမည် သို့မဟုတ် ဆေးရပ်မည်ဆိုသည်ကို လူနာတစ်ဦးချင်း၏ တုံ့ပြန်မှု၊ ဘေးထွက်ဆိုးကျိုး၊ ကိုယ်အလေးချိန်ထိန်းသိမ်းနိုင်မှုနှင့် ကျန်းမာရေးအခြေအနေတို့အပေါ် မူတည်၍ ဆရာဝန်နှင့် ဆွေးနွေးဆုံးဖြတ်ရမည်။ ဆေးကို ကိုယ်တိုင် ရုတ်တရက်ရပ်ခြင်းထက် ရေရှည်ကိုယ်အလေးချိန် ထိန်းသိမ်းရေးအစီအစဉ်နှင့် တွဲဖက်၍ စနစ်တကျ စီမံခြင်းက ပိုမိုသင့်တော်သည်။

GLP-1 ဆေးများ ပေါ်ပေါက်လာခြင်းသည် အဝလွန်သူများကို စိတ်ဓာတ်မခိုင်မာသူ၊ အစားမထိန်းနိုင်သူဟု အပြစ်တင်နေသောအမြင်ကို ပြောင်းလဲစေသည့် အရေးကြီးသော တိုးတက်မှုတစ်ခုလည်း ဖြစ်သည်။ အဝလွန်ရောဂါသည် စိတ်အားတစ်ခုတည်းဖြင့် အလွယ်တကူ ဖြေရှင်းနိုင်သော ပြဿနာမဟုတ်ဘဲ ခန္ဓာကိုယ်၏ ဟော်မုန်း၊ ဦးနှောက်နှင့် ဇီဝကမ္မစနစ်များ ပါဝင်သည့် ရှုပ်ထွေးသော နာတာရှည်ရောဂါတစ်ခုဖြစ်ကြောင်း GLP-1 ဆေးများ၏ လုပ်ဆောင်ပုံက ထင်ရှားစွာ ပြသနေသည်။

GLP-1 ဆေးများသည် အဝလွန်ရောဂါကုသမှုတွင် မျှော်လင့်ချက်အသစ်တစ်ခု ဖြစ်နိုင်သည်။ သင့်တော်သော လူနာကို မှန်ကန်သည့် ဆေးပမာဏဖြင့် ဆရာဝန်ကြီးကြပ်မှုအောက်တွင် အသုံးပြုပါက အစာစားချင်စိတ်ကို လျှော့ချပေးနိုင်သည်။ ကိုယ်အလေးချိန်ကျစေနိုင်သည်။ သွေးတွင်းသကြားဓာတ်ကို ပိုမိုကောင်းမွန်စွာ ထိန်းညှိပေးနိုင်သည်။ အချို့လူနာများတွင် အဝလွန်ခြင်းနှင့် ဆက်စပ်သော ကျန်းမာရေးအန္တရာယ်များကိုပါ လျှော့ချပေးနိုင်သည်။

GLP-1 ဆေးများသည် လူတိုင်းအတွက် မသင့်တော်သကဲ့သို့ အလှအပအတွက် အလွယ်တကူ ဝယ်ထိုးသင့်သော ဆေးများလည်း မဟုတ်ပါ။ အကျိုးကျေးဇူးရှိသကဲ့သို့ ဘေးထွက်ဆိုးကျိုးနှင့် အန္တရာယ်များလည်းရှိသည်။ ဆေးထိုးနေခြင်း တစ်ခုတည်းဖြင့် ကျန်းမာရေးကောင်းမွန်လာမည် မဟုတ်ဘဲ မျှတသောအစားအသောက်၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု၊ အာဟာရပြည့်ဝမှု၊ ကြွက်သားထုထည်ထိန်းသိမ်းမှုနှင့် ဆရာဝန်၏ စနစ်တကျ နောက်ဆက်တွဲ စောင့်ကြည့်မှုတို့ကို ပေါင်းစပ်လုပ်ဆောင်မှသာ ရေရှည်အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။

GLP-1 ဆေးသည် အံ့ဖွယ်ဆေးတစ်မျိုး မဟုတ်ပေ။ သို့သော် အဝလွန်ရောဂါကို သိပ္ပံနည်းကျ နားလည်ပြီး စနစ်တကျကုသရာတွင် ထိရောက်သည့် ခေတ်မီကုသမှုကိရိယာတစ်ခုဖြစ်သည်။ အရေးကြီးဆုံးမှာ ပိန်ချင်၍ ထိုးခြင်းမဟုတ်ဘဲ ကျန်းမာရေးကို ကောင်းမွန်စေရန် မှန်ကန်သောလူနာတွင် မှန်ကန်သောနည်းလမ်းဖြင့် အသုံးပြုသင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

❖ GLP-1 ဆေးများသည် လူတိုင်းအတွက် မသင့်တော်သကဲ့သို့ အလှအပအတွက် အလွယ်တကူ ဝယ်ထိုးသင့်သောဆေးများလည်းမဟုတ်ပါ။ အကျိုးကျေးဇူးရှိသကဲ့သို့ ဘေးထွက်ဆိုးကျိုးနှင့် အန္တရာယ်များလည်းရှိသည်။ ဆေးထိုးနေခြင်း တစ်ခုတည်းဖြင့် ကျန်းမာရေးကောင်းမွန်လာမည်မဟုတ်ဘဲ မျှတသောအစားအသောက်၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု၊ အာဟာရပြည့်ဝမှု၊ ကြွက်သားထုထည် ထိန်းသိမ်းမှုနှင့် ဆရာဝန်၏ စနစ်တကျ နောက်ဆက်တွဲစောင့်ကြည့်မှုတို့ကို ပေါင်းစပ်လုပ်ဆောင်မှသာ ရေရှည်အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ❖


ကိုးကား

1. World Health Organization. Obesity and overweight.
2. World Health Organization. Obesity: GLP-1 therapies.
3. U.S. Food and Drug Administration. Tirzepatide approval for chronic weight management.
4. U.S. Food and Drug Administration. Prescribing information for semaglutide.
5. U.S. Food and Drug Administration. Prescribing information for tirzepatide.
6. Global New Light of Myanmar. Report on semaglutide registration in Myanmar.



## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ဂျာမနီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားသဖြင့် ဒေသခံဦးရေ ၂၀၀၀ ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့



**ဘာလင် ဩဂုတ် ၁၅**

ဂျာမနီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားသဖြင့် ဒေသခံဦးရေ၂၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါတောမီးသည် ဂျာမနီနှင့် ဘယ်လ်ဂျီယံနိုင်ငံ နယ်စပ်အနီးတွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ထိုမီးသည် ယနေ့နံနက် ၄ နာရီခန့်တွင် ဂျေးရွာသို့ကူးစက်ခဲ့ရာ ရွာမှဒေသခံများကို အနီးအနားရှိ မူလတန်းကျောင်းသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

တောမီးသည် ခြောက်သွေ့သော ရာသီဥတုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် လျင်မြန်စွာပျံ့နှံ့လာခဲ့ခြင်းဖြစ်ပြီး မီးငြှိမ်းသတ်ရေးအဖွဲ့များက မီးထပ်မံမပြန့်ပွားစေရန် အရေးပေါ် မီးငြှိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ လက်ရှိတွင် တောမီးကြောင့်သစ်တောဧရိယာ ဟက်တာ ၃၀၀ ခန့် လောင်ကျွမ်းပျက်စီးခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းရာ ဒေသအနီးရှိ ကျေးရွာများနှင့် နေအိမ်များကို မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် ကြိုတင် ကာကွယ်သည့်အနေဖြင့် ဒေသခံစုစုပေါင်းဦးရေ ၂၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်ပြီး အရေးပေါ်အခြေအနေကိုသက်ဆိုင်ရာအာဏာပိုင်များက ဆက်လက်စောင့်ကြည့်နေကြောင်း သိရသည်။

တောမီးကြောင့် လူနေအိမ်များနှင့်အခြားအဆောက်အအုံများ ထိခိုက်ပျက်စီးမှု ရှိ၊ မရှိကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးနေကြောင်း၊ မီးလောင်ကျွမ်းမှုအခြေအနေနှင့် လေတိုက်နှုန်းများအပေါ်မူတည်၍ ဘေးလွတ်ရာရွှေ့ပြောင်းမှုများကို ထပ်မံလုပ်ဆောင်ရန်လိုအပ်ပါက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ ကမ်းရိုးတန်းအနီး၌ ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ဆူနာမီသတိပေးချက်ထုတ်ပြန်

**ဂျကာတာ ဩဂုတ် ၁၅**

အင်ဒိုနီးရှားနိုင်ငံ ကမ်းရိုးတန်းအနီး၌ ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း အင်ဒိုနီးရှား ဘူမိရူပဗေဒအေဂျင်စီ (BMKG)၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အင်အားပြင်းငလျင်သည် ယနေ့နံနက် အစောပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဖလော်ရက်စ်ကျွန်း၏မြောက်ဘက် ကမ်းရိုးတန်းအနီး၌ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့သဖြင့် အင်ဒိုနီးရှား ဘူမိရူပဗေဒအေဂျင်စီ (BMKG) ကလည်း ဒေသတချို့အတွက် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ကြောင့် လူ ၄၇ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ငလျင်ကြောင့် အရှေ့နူဆာတန်ဂါရာ၊ အနောက်နူဆာတန်ဂါရာနှင့် တောင်ဆူလာဝေစီပြည်နယ်တို့တွင် ပြင်းထန်စွာ တုန်ခါမှုများခံစားခဲ့ရပြီး လူနေအိမ်နှင့် အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ရကြောင်း သိရသည်။

ငလျင်ဗဟိုချက်နှင့် အနီးဆုံးဖြစ်သည့် အရှေ့နူဆာတန်ဂါရာပြည်နယ် ဖလော်ရက်စ်ကျွန်းရှိ နာဂီကိုဒေသတွင် ဒေသခံဦးရေ ၂၀၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရပြီး နေအိမ်များ၊ ဂိုဒေါင်များနှင့် အစိုးရအဆောက်အအုံများစွာ ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် ဒေသတချို့တွင် ယာဉ်ကြောပိတ်ဆို့မှုများနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တရုတ်နိုင်ငံ ကျဲ့ကျန့်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် ဒေသခံတစ်ဦးသေဆုံးကာ ဒေသခံတချို့ ပျောက်ဆုံးနေ

**ပေကျင်း ဩဂုတ် ၁၅**

တရုတ်နိုင်ငံ အရှေ့ဘက်ပိုင်း ကျဲ့ကျန့်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် ဒေသခံတစ်ဦးသေဆုံးကာ ဒေသခံတချို့ ပျောက်ဆုံးနေကြောင်း ကျဲ့ကျန့်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ချန်ကျင်းကောင်တီအနီးတွင် မြေပြိုကျခဲ့ခြင်းဖြစ်ပြီး မြေပြိုကျမှုဖြစ်ပွားခဲ့သော နေရာများတွင် အခြေခံအဆောက်အအုံ တချို့ ပျက်စီးမှုဖြစ်ပွားခဲ့ကာ ကယ်ဆယ်ရေးဝန်ထမ်းများက ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကူညီပေးလျက်ရှိကြောင်း၊ အယ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် ဇူလိုင်လကတည်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသ ညွှန်ကြားရေးစင်တာက ထုတ်ပြန်ခဲ့သည်။




"ချန်ကျင်းကောင်တီအနီးမှာ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေတွေကြောင့် မြေပြိုကျမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ မြေပြိုကျမှုကြောင့် သေဆုံးသူတစ်ယောက်ရှိခဲ့ပြီးတော့ ပျောက်ဆုံးနေသူတချို့ ရှိခဲ့ပါတယ်။ ကယ်ဆယ်ရေး ဝန်ထမ်းတွေ အင်အားသုံးပြီးတော့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု ကျဲ့ကျန့်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်္ဂလန်နိုင်ငံ စတောဘရစ်ချ်နှင့် ဝက်စ်မစ်လန်းကောင်တီတို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေ

**လန်ဒန် ဩဂုတ် ၁၅**

အင်္ဂလန်နိုင်ငံတစ်ဝန်း အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် စတောဘရစ်ချ် ကောင်တီနှင့် ဝက်စ်မစ်လန်းကောင်တီတို့တွင် တောမီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပေါ်နေကြောင်း အင်္ဂလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ (EPA) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီး လောင်ကျွမ်းမှုသည် အင်္ဂလန်နိုင်ငံအပြင် ဝေလနိုင်ငံတွင်လည်း ဖြစ်ပေါ်နေခြင်းဖြစ်ပြီး လူနေအိမ်ခြေများဆီသို့ တောမီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားနေသည့်နေရာများကို ဦးစားပေး ထိန်းချုပ်ပေးနိုင်ရန် ကြိုးစားပေးနေကြောင်း၊ တောမီးကို အမြန်ဆုံး ထိန်းချုပ် နိုင်ရေးအတွက်လည်း မီးသတ်တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်သွားရန် ဖြိုတိန်ဝန်ကြီးချုပ်ရုံးက ညွှန်ကြားထားကြောင်း သိရသည်။

"စတောဘရစ်ချ် ကောင်တီနဲ့ ဝက်စ်မစ်လန်း ကောင်တီတို့မှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးဟာ လူနေအိမ်တွေနဲ့ အခြေခံအဆောက်အအုံတွေဆီကို ကူးစက်လောင်ကျွမ်းခဲ့လို့ လူနေအိမ် ၁၉ လုံး ပျက်စီးသွားခဲ့ပါတယ်။ လက်ရှိ ဝက်စ်မစ်လန်း မှာ လောင်ကျွမ်းနေတဲ့တောမီးဟာ အင်္ဂလန်နိုင်ငံမှာ လောင်ကျွမ်းခဲ့တဲ့ တောမီးတွေထဲမှာ အန္တရာယ်အရှိဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ပါတယ်။ လူနေအိမ်တွေဆီကို ကူးစက်လောင်ကျွမ်းနေတဲ့တောမီးကို ဦးစားပေးပြီး ငြိမ်းသတ်ပေးနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေကိုလဲ အင်အားတိုးမြှင့်ထားဖို့အတွက် ဗြိတိန်ဝန်ကြီးချုပ်ရုံးက ညွှန်ကြားထားပါတယ်"ဟု အင်္ဂလန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ (EPA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဇာဘေကယ်စကီကရိုင်နယ်မြေတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ် အရေးပေါ်အဆင့်သတ်မှတ်

**မော်စကို ဩဂုတ် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဇာဘေကယ်စကီကရိုင် နယ်မြေတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ် အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ကြောင်း ဇာဘေကယ်စကီကရိုင် နယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့် နေရာများသို့ ဇာဘေကယ်စကီကရိုင်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူ အိုစီပို့ကိုယ်တိုင် ဒေသခံများနှင့် သွားရောက်တွေ့ဆုံကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကိုလည်းသွားရောက်စစ်ဆေးနေကြောင်း၊ ဇာဘေကယ်စကီကရိုင်နယ်မြေသည် မော်စကိုမြို့နှင့် မိုင်ပေါင်း ၄၇၀၀ ကွာဝေးပြီး ၂၀၂၆ ခုနှစ်အတွင်း ရေဘေးအန္တရာယ်ဖြင့် မကြာခဏ ရင်ဆိုင်နေရသည့် နယ်မြေဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေရာသီကာလကတော့ ဇာဘေကယ်စကီကရိုင်နယ်မြေအတွက် တော်တော်လေးကို ခက်ခဲတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ မကြာသေးမီက မုန်တိုင်းသုံးကြိမ် ဝင်ရောက်ထားသလို အခုလဲ မိုးသည်းထန်စွာရွာသွန်းပြီးတော့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ အန္တရာယ်ရှိတဲ့အဆင့် ဖြစ်တဲ့အတွက်ကြောင့် အရေးပေါ်အခြေအနေသတ်မှတ်ထားပါတယ်"ဟု ဇာဘေကယ်စကီကရိုင်နယ်မြေ အာဏာပိုင်အဖွဲ့အစည်း၏ အကြီးအကဲဖြစ်သူ အိုစီပို့က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဂုဏ်ယူဝင့်ကြွား ပြည်သူ့စစ်မှုထမ်းလူငယ်များ

ဘုန်းမောင်ဝင်း(ဖျာပုံ)

နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်သည်သာ တာဝန်ရှိသည်မဟုတ် ပြည်သူတစ်ရပ်လုံးတွင်လည်းတာဝန်ရှိသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း နိုင်ငံတော်ကအင်အားများစုစည်းထားခြင်းလည်းဖြစ်သည်။ ထိုသို့ အင်အားများစုစည်းထားခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ၎င်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားနိုင်ရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်ခဲ့သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ပြီးသောလူငယ်များသည် အရာရာကို စည်းစနစ်ကျနစွာလုပ်ဆောင်တတ်သည့်အလေ့အကျင့်၊ အချိန်ကိုကောင်းစွာခွဲခြားအသုံးချတတ်သည့် အလေ့အကျင့်၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာမည်။ ထိုမှဆက်၍ မိမိနိုင်ငံကိုချစ်သည့်စိတ်၊ အမျိုးဘာသာသာသနာကိုချစ်သည့်စိတ်များကိန်းအောင်းကာ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် အမျိုးသားနိုင်ငံရေးတာဝန်ကို ပိုမိုထမ်းဆောင်လိုစိတ်များ ဖြစ်ပေါ်နေမည်ဖြစ်သည်။ ထိုမှတစ်ဆင့်တက်သော လူငယ်များအားလုံး "နိုင်ငံတော်ကိုချစ်သည်၊ မြတ်နိုးသည်၊ ကာကွယ်နေမည်"ဟူသောစိတ်ဓာတ်ကောင်းများ တည်ရှိနေရမည်ဖြစ်သည်။

ချောင်းမြစ်ရေတို့တသွင်သွင်စီးဆင်းနေသည့်ပမာ လူသားတို့သည်လည်း အသက်အပိုင်းအခြားအလိုက် လှုပ်ရှားနေကြရသည်။ ငယ်ရွယ်စဉ်တွင် ကျောင်းသားအဖြစ် ပညာသင်ကြားကြရသည်။ ကျောင်းပညာရေးပြီးမြောက်သည်နှင့် မိမိတို့အသက်မွေးဝမ်းကျောင်းအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ အရွယ်ရောက်၍ ကျရာတာဝန်ထမ်းဆောင်နေကြသူများတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသူများမှာ အခြားသောလုပ်ငန်းတာဝန်များထက် ချီးကျူးဖွယ်ကောင်းလှသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးထာဝစဉ်တည်တံ့ခိုင်မြဲပြီး ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နေနိုင်ရေးအတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်နေကြရသူများဖြစ်ကြသည်။

၎င်းတို့၏အဓိကတာဝန်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးဆိုသည်မှာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသူများ၏ အမျိုးသားနိုင်ငံရေးလည်းဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးကို ကာကွယ်စောင့်ရှောက်နေသူများရှိနေခြင်းကြောင့် မြန်မာနိုင်ငံဟူသောအမည်နာမသည် ယနေ့တိုင်ရှိနေခြင်းဖြစ်သည်။ ဤကိစ္စရပ်သည် အလွန်ပင်အရေးကြီးသည်။

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ကို နိုင်ငံသားတို့မထမ်းဆောင်နိုင်ခဲ့လျှင် နိုင်ငံ၏အနာဂတ်သည် မရေရာမသေချာသောအမှောင်လမ်းတွင် စမ်းတဝါးဝါးသွားနေရသည့်ပမာဖြစ်နေပေလိမ့်မည်။

လူတိုင်းသည် မိမိအသက်ကိုမြတ်နိုးသည်။ မိမိမိသားစုကိုမြတ်နိုးသည်။ အသက်စွန့်၍တိုက်ပွဲဝင်ခြင်းသည် လူတိုင်းလုပ်ဆောင်ရန် ခဲယဉ်းလှသည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေကြသည့် တပ်မတော်သားများနည်းတူ ပြည်သူ့စစ်မှုထမ်းများကလည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် မိမိတို့ အသက်ကိုစွန့်လွှတ်၍ နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်ဖြင့် နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူများစိတ်အေးချမ်းသာစွာဖြင့် လူမှုစီးပွားဘဝများ လုပ်ဆောင်နိုင်စေခြင်းအလို့ငှာ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။ နိုင်ငံနှင့်လူမျိုးကို ကောင်းကျိုးမပေးဘဲ အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်နေသည့် အဖျက်သမားများ ကင်းစင်ပပျောက်မှသာ နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မည်။ ပြည်သူများလူမှုစီးပွားဘဝအဆင်ပြေချောမွေ့လွယ်ကူမည်ဟူသော ကောင်းသောစိတ်ဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် လူမျိုးရှိလျှင် နိုင်ငံရှိရန်လိုအပ်သည်။ နိုင်ငံနှင့်လူမျိုးရှိလျှင် ထိုနိုင်ငံနှင့်လူမျိုးသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ရန် အမှန်တကယ်လိုအပ်သည်။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ရုံနှင့်မပြီးသေးပါ။ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးများတိုးတက်နေရန် လိုပေသည်။ ထို့ပြင် အခြားသောနိုင်ငံတစ်နိုင်ငံက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မိမိ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေခြင်းမှ ကင်းဝေးမည်ဖြစ်သည်။

ထိုသို့ဖြစ်နေစေရန်အတွက် နိုင်ငံတော်ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာနေရေးသည် အဓိကအကြောင်းအချက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ကာကွယ်ရေးအင်အား တောင့်တင်းရန်အတွက် တပ်မတော်တစ်ရပ်ကို ထူထောင်ထားပြီးဖြစ်သည်။ တပ်မတော်သည် မြန်မာနိုင်ငံကျွန်ဖြစ်နေစဉ် အင်္ဂလိပ်ကိုလည်းကောင်း၊ ဂျပန်ကိုလည်းကောင်း ပြည်သူလူထုနှင့်လက်တွဲ၍ လွတ်လပ်ရေးရရှိအောင်

❖ ယနေ့လူငယ်အင်အားသည်နိုင်ငံ၏အင်အားဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းအတည်ပြုပြီးချိန်မှစ၍ လူငယ်တို့စဉ်ဆက်မပြတ် ပြည်သူ့စစ်မှုထမ်းတာဝန်များ ထမ်းဆောင်လျက်ရှိသည်မှာ အားရကျေနပ်ဖွယ်ကောင်းလှသည်။ သူတို့ စစ်မှုထမ်းရမည့်တာဝန် ပြည့်မြောက်သည့်အခါဂုဏ်ယူဝင့်ကြွားစွာဖြင့် မိမိတို့နေရပ်သို့ ပြန်ခွင့်ရခဲ့ကြပြီဖြစ်သည်။ ယခုဆိုလျှင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၄)ထိ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)ကိုလည်း ဩဂုတ် ၁၄ ရက်တွင် သင်တန်းဆင်းခဲ့ပြီးဖြစ်သည်။ ❖

တော်လှန်တိုက်ခိုက်ခဲ့သော အစဉ်အလာကောင်းရှိသည်။ ထို့ပြင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသောအခါ မြန်မာနိုင်ငံတွင် ရောင်စုံသူပုန်များထကြွလျက် မြို့ရွာများကိုသိမ်းပိုက်ထားသဖြင့် မြန်မာအစိုးရကို ရန်ကုန်အစိုးရဟု အချို့သောနိုင်ငံခြားတိုင်းပြည်များက ပြက်ရယ်ပြုအခေါ်ခံရသည်။ ထိုအချိန်တွင် တပ်မတော်သည် ပြည်တွင်း၊ ပြည်ပသူပုန်များ၊ ရန်သူများကို ပြိုပျက်သွားအောင်၊ ငြိမ်ဝပ်ပိပြားသွားအောင် နှိမ်နင်းနိုင်ခဲ့သည်။ နောက်ဆုံးတွင် ပြည်ထောင်စုပြိုကွဲခြင်းမရှိအောင် တပ်မတော်က ထိန်းချုပ်နိုင်ခဲ့သည်။ ဤသို့ အောင်ပွဲများရရှိခဲ့ခြင်းမှာလည်း ထိုစဉ်က လူငယ်များ၊ လုပ်ငန်းခွင်မှ လူငယ်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတွင် အင်ပြည့်အားပြည့်ပါဝင်ခဲ့ခြင်းကြောင့်လည်း အောင်မြင်မှုရရှိခြင်းဖြစ်သည်။

ဤသို့သော အစဉ်အလာကောင်း၊ သမိုင်းကောင်းများစွာရှိသည့်တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများသည် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဟူသောစိတ်ဓာတ်ဖြင့် ရဲဝံ့စွန့်စားစွာ နိုင်ငံနှင့်လူမျိုးကို ကောင်းကျိုးပြုနိုင်ခဲ့ကြသည်။ ထိုအစဉ်အလာနှင့် စိတ်ဓာတ်ကောင်းများကို မျိုးဆက်သစ်လူငယ်များ စံနမူနာယူကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံအတွင်းမွေးဖွားလာသူတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်။ မိမိတို့နိုင်ငံကို မိမိတို့လက်ထက်တွင်လည်း ကာကွယ်နိုင်ရမည်ဟူသောစိတ်ကို ပိုင်းဖြတ်ထားရမည်ဖြစ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် သတ္တိရှိသောလူငယ်များသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြသည်။

ယနေ့လူငယ်အင်အားသည် နိုင်ငံ၏အင်အားဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းအတည်ပြုပြီးချိန်မှစ၍ လူငယ်တို့ စဉ်ဆက်မပြတ် ပြည်သူ့စစ်မှုထမ်းတာဝန်များ ထမ်းဆောင်လျက်ရှိသည်မှာ အားရကျေနပ်ဖွယ်ကောင်းလှသည်။ သူတို့စစ်မှုထမ်းရမည့်တာဝန် ပြည့်မြောက်သည့်အခါ ဂုဏ်ယူဝင့်ကြွားစွာဖြင့် မိမိတို့နေရပ်သို့ ပြန်ခွင့်ရခဲ့ကြပြီဖြစ်သည်။ ယခုဆိုလျှင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၄)ထိ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)ကိုလည်း ဩဂုတ် ၁၄ ရက်တွင် သင်တန်းဆင်းခဲ့ပြီးဖြစ်သည်။ ယခုဆိုလျှင် နိုင်ငံတော်ကာကွယ်ရေးအင်အားမှာ စဉ်ဆက်မပြတ်ရှိလာနေပြီဖြစ်၍ အကြမ်းဖက်အဖျက်သမားတို့၏ လုပ်ရပ်များကိုတားဆီးပြီး ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးဘဝများသည်လည်း ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။ PDF အမည်ခံ အကြမ်းဖက်လူငယ်များမှာလည်း လူငယ်ပီပီ မိမိတို့အမှားကိုသိမြင်၍ ဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင်လည်း လူငယ်များစွာတို့သည် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တက်ကြွရွှင်လန်းစွာ တက်ရောက်လျက်ရှိနေကြသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနေသကဲ့သို့ လူငယ်များက ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာလိုက်ပါလုပ်ဆောင်လျက်ရှိကြသည်။ လူငယ်ဘဝတွင်သာ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းသည် အမှန်တကယ်တွင် အလွန်ပင်ဂုဏ်ယူဖွယ်ကောင်းလှသည့် တာဝန်ထမ်းဆောင်မှုဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်တာဝန် ထမ်းဆောင်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် သတ်မှတ်ထားသည့်ပံ့ပိုးမှုအားလုံးကို ပြည့်ဝစွာပံ့ပိုးပေးထားသည်။ သတ်မှတ်အရည်အချင်းပြည့်မီ၍ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရသူများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များမှတာဝန်ရှိသူများက ပံ့ပိုးကူညီပေးလျက်ရှိသည်မှာ လူငယ်တို့အတွက် စိတ်ဓာတ်တက်ကြွဖွယ်ဖြစ်သည်။ ထိုသို့ပံ့ပိုးခြင်း၊ လူငယ်များက တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခြင်းတို့မှာ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ရေးအတွက်သာဖြစ်သည်။ စဉ်ဆက်မပြတ် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာဆောင်ရွက်နေသူများကို ပြည်သူများက အလေးထားဂုဏ်ယူလျက်ရှိသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် လူငယ်များ၏ စဉ်ဆက်မပြတ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ခြင်းများကြောင့် တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်ရေးသားလိုက်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ချစ်စရာ့အရွယ် စာဖတ်မယ်

## နှုတ်ချိုခြင်း၏တန်ဖိုးနှင့် ဆိတ်ကလေးဖိုးဖြူ

မင်္ဂလာပါ သားသား၊ မီးမီးတို့ရေ။ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်ကလေးကတော့ **"နှုတ်ချိုခြင်း၏တန်ဖိုးနှင့် ဆိတ်ကလေးဖိုးဖြူ"**ဆိုတဲ့ပုံပြင်ကလေးပဲ ဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက စိမ်းလန်းစိုပြည်ပြီး သစ်ပင်ကြီးတွေ ပေါက်ရောက်နေတဲ့ တောအုပ်ကြီးတစ်ခုရှိသတဲ့။ အဲဒီတောအုပ်ထဲမှာ တိရစ္ဆာန်လေးတွေဟာ အတူတူဆော့ကစားပြီး ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြသတဲ့ကွယ်။ အဲဒီအထဲမှာ ဖိုးဖြူလို့ခေါ်တဲ့ ဆိတ်ကလေးတစ်ကောင်ရှိသတဲ့။ ဖိုးဖြူက အမွေးအမှင်တွေဖြူဖွေးပြီး ချစ်စရာကောင်းပေမဲ့ စကားပြောဆိုတဲ့နေရာမှာ ကြမ်းတမ်းပြီး လေသံမာမာနဲ့ပြောတတ်တဲ့ အကျင့်ဆိုးတစ်ခုရှိသတဲ့ကွယ်။

တောအုပ်ထဲမှာ ဖိုးဖြူတင်မကဘဲ ဝက်ဝံပေါက်စကလေးဖိုးတုတ်၊ သစ်တောက်ငှက်ကလေးမောင်အော်၊ သားပိုက်ကောင်ကလေးဖိုးနီနဲ့ ရှဉ့်ကလေးမိဆွေတို့လဲရှိကြသတဲ့။ သူတို့အားလုံးဟာ နေ့တိုင်းသစ်ပင်ကြီးအောက်မှာ စုဝေးဆော့ကစားလေ့ရှိကြသတဲ့ကွယ်။

တစ်နေ့မှာ ဖိုးဖြူမရှိခိုက် သူငယ်ချင်းတွေအားလုံး ဘောလုံးပစ်တမ်း ကစားနေကြသတဲ့။ အဲဒီအချိန်မှာ ဖိုးဖြူရောက်လာပြီး ဘောလုံးကို လုယူလိုက်ပါသတဲ့ကွယ်။ ပြီးတော့ လေသံမာမာနဲ့ "ဒါ ငါ့အလှည့်၊ ဖယ်ကြ၊ ငါပဲ အရင်ပစ်မယ်"လို့ အော်ပြောလိုက်သတဲ့။ ဝက်ဝံလေးဖိုးတုတ်ကိုလဲ "ဖိုးတုတ်... မင်းက နှေးလိုက်တာ၊ ဘောလုံးကို ငါ့ဆီချက်ချင်းပေးစမ်း"လို့ ရိုင်းရိုင်းစိုင်းစိုင်း ပြောသတဲ့ကွယ်။

ဖိုးဖြူရဲ့ရိုင်းပျတဲ့စကားတွေကြောင့် ဖိုးတုတ်လဲ စိတ်မကောင်းဖြစ်သွားပြီး ဘောလုံးကိုချပေးကာ အိမ်ပြန်သွားသတဲ့။ ကျန်တဲ့သူငယ်ချင်းတွေဖြစ်တဲ့ မောင်အော်၊ ဖိုးနီနဲ့ မိဆွေတို့လဲ ဖိုးဖြူရဲ့အပြောအဆိုကို မကြိုက်ကြတာကြောင့် ကစားတာကိုရပ်ပြီး ဖိုးဖြူကိုထားခဲ့သတဲ့ကွယ်။

နောက်ရက်တွေမှာလဲ ဖိုးဖြူက စကားပြောရင် "ပေးစမ်း"၊ "ဖယ်စမ်း"၊ "သွားစမ်း"ဆိုတဲ့ ကြမ်းတမ်းတဲ့စကားလုံးတွေကိုပဲ ဆက်သုံးနေသတဲ့။ သူငယ်ချင်းတွေက ဖိုးဖြူနဲ့စကားပြောရမှာကို ကြောက်လာကြပြီး ဖိုးဖြူလာရင် အဝေးကိုရှောင် သွားကြသတဲ့ကွယ်။ ဖိုးဖြူဟာ သူငယ်ချင်းတွေကိုလိုက်ရှာပေမဲ့ သူ့ကိုမြင်တာနဲ့ အားလုံးကပုန်းကွယ်သွားကြသတဲ့ကွယ်။

ဒါနဲ့ ဖိုးဖြူဟာ တစ်ယောက်တည်းပဲရှိနေပါတော့သတဲ့ကွယ်။ တစ်ယောက်တည်း ဆော့ရတာဟာ အလွန်ပျင်းစရာကောင်းမှန်း ဖိုးဖြူတဖြည်းဖြည်းနဲ့ သိလာသတဲ့ကွယ်။ သူငယ်ချင်းတွေရဲ့ ရယ်မောသံတွေကို အဝေးကနေကြားရပေမဲ့ သူ့ကိုဘယ်သူမှ မခေါ်ကြဘူးပေ့ါကွယ်။



"ငါ့မှာ အပြစ်မရှိဘဲ သူတို့တွေ ငါ့ကိုဘာလို့ပစ်ထားကြတာလဲ"လို့ ဖိုးဖြူကတွေးနေသတဲ့။ အဲဒီအချိန်မှာ သစ်ပင်ကြီးပေါ်ကနေကြည့်နေတဲ့ လိပ်ပြာကလေးတစ်ကောင်က "ဖိုးဖြူ... မင်းရဲ့ရိုင်းစိုင်းတဲ့စကားတွေက သူငယ်ချင်းတွေရဲ့စိတ်ကို နာကျင်စေလို့ သူတို့ မင်းကိုမခေါ်ကြတော့တာ"လို့ ပြောပြလိုက်သတဲ့ကွယ်။ အဲဒီအခါမှ ဖိုးဖြူဟာ သူ့ရဲ့စကားပြောကြမ်းတမ်းမှုတွေကြောင့် သူငယ်ချင်းတွေ ရှောင်ဖယ်သွားကြတာကို ကောင်းကောင်းကြီး နားလည်သွားပြီး သူ့ရဲ့စကားပြောပုံကို ပြောင်းလဲပစ်ဖို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။

ချိုသာတဲ့စကားတွေပြောဖို့ဆုံးဖြတ်ပြီးတဲ့နောက် ဖိုးဖြူဟာ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ဖို့ အခွင့်အရေးရှာနေခဲ့သတဲ့ကွယ်။ တစ်ရက်မှာတော့ ရှဉ့်ကလေးမိဆွေက သစ်ပင်အမြင့်ကြီးပေါ်ကနေ သစ်သီးတွေ ခူးဆွတ်ရင်းခြေချော်ပြီး အောက်ကို ပြုတ်ကျလုနီးပါး ဖြစ်သွားသတဲ့ကွယ်။ မိဆွေဟာ သစ်ကိုင်းအသေးလေးတစ်ခုကို အားကိုးတကြီး ဆွဲကိုင်ထားရင်း "ကယ်ကြပါအုံး..."လို့ အော်ဟစ်ငိုယိုနေပါသတဲ့။

အောက်မှာရှိတဲ့ ဝက်ဝံကလေး ဖိုးတုတ်နဲ့ သူငယ်ချင်းတွေလဲ ဘာလုပ်ရမှန်းမသိဘဲ တုန်လှုပ်နေကြသတဲ့။ အဲဒီအချိန်မှာ ဖိုးဖြူက အမြန်ပြေးလာပြီး သစ်ပင်အောက်ကနေ မိဆွေစိတ်အေးသွားအောင် လေသံအေးအေးလေးနဲ့ အားပေးစကားပြောလိုက်ပါသတဲ့ကွယ်။ "မိဆွေ... မကြောက်နဲ့နော်၊ အားတင်းထားပါ။ ငါမင်းကို ဖမ်းပေးဖို့အောက်မှာ အသင့်စောင့်နေပါတယ်"လို့ ယဉ်ကျေးပျူငှာပြီး နွေးထွေးတဲ့စကားလုံးတွေနဲ့ အော်ပြောလိုက်ပါသတဲ့ကွယ်။

ပြီးတော့ ဖိုးဖြူက ဖိုးတုတ်ကိုလဲ "ဖိုးတုတ်...ငါ့ကို ကူညီပြီး မိဆွေကို အတူတူဖမ်းပေးပါအုံးနော်"လို့ လေသံပျော့ပျော့လေးနဲ့ အကူအညီတောင်းသတဲ့ကွယ်။ ဖိုးဖြူရဲ့ယဉ်ကျေးပြီး စိတ်အေးချမ်းစေတဲ့စကားတွေကြောင့် မိဆွေလဲသတ္တိရှိသွားပြီး သစ်ကိုင်းဆွဲထားတဲ့လက်ကို လွှတ်လိုက်တဲ့အခါမှာ ဖိုးဖြူနဲ့ ဖိုးတုတ်တို့က ဘေးကင်းကင်းနဲ့ ဖမ်းယူနိုင်ခဲ့သတဲ့ကွယ်။

အဲဒီအဖြစ်အပျက်ပြီးတဲ့ နောက်တစ်နေ့မနက်မှာတော့ ဖိုးဖြူဟာ သူငယ်ချင်းတွေရှိရာ သစ်ပင်ကြီးအောက်ကိုလာခဲ့သတဲ့ကွယ်။ သစ်ပင်အောက်မှာ ဖိုးတုတ်၊ မောင်အော်၊ ဖိုးနီနဲ့ မိဆွေတို့ဟာ သစ်သီးကလေးတွေကို အတူတူစားရင်း စကားပြောနေကြသတဲ့ကွယ်။ ဖိုးဖြူရောက်လာတာကို မြင်တဲ့အခါ သူ့သူငယ်ချင်းတွေက ထမသွားကြတော့ဘဲ ဖိုးဖြူကလဲ ရှက်ကိုးရှက်ကန်းနဲ့ အနားကိုတိုးသွားပြီး အားလုံးကို "သူငယ်ချင်းတို့... ငါပြီးခဲ့တဲ့ရက်တွေက စကားပြောတာ ကြမ်းတမ်းမိလို့ အားလုံးကို တောင်းပန်ပါတယ်။ ငါ့အမှားကို ငါသိပါပြီ၊ နောက်နောင် ယဉ်ယဉ်ကျေးကျေးပဲ ပြောပါ့မယ်။ ငါ့ကို မုန်းမသွားပါနဲ့နော်"လို့ ခေါင်းလေးငုံ့ပြီး ဝမ်းနည်းစွာ ပြောလိုက်သတဲ့ကွယ်။

သူငယ်ချင်းတွေအားလုံးက ဖိုးဖြူရဲ့ အံ့ဩစရာ ပြောင်းလဲသွားတဲ့ အပြောအဆိုကို ကြားရတဲ့အခါ စိတ်ဆိုးပြေသွားကြသတဲ့ကွယ်။

တောအုပ်ကလေးထဲမှာ သူတို့အားလုံးရဲ့ ပျော်ရွှင်စရာ ရယ်မောသံတွေဟာ အရင်ကထက် ပိုမိုမြိုင်မြိုင်ဆိုင်ဆိုင် ပြန်လည်စည်ကားသွားသတဲ့ကွယ်။ ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်။

သားသား၊ မီးမီးတို့ရေ ဒီပုံပြင်ကလေးထဲမှာ ဆိတ်ကလေးဖိုးဖြူလို စကားပြောဆိုရာမှာ ရိုင်းပျကြမ်းတမ်းရင် သူငယ်ချင်းတွေက ရှောင်ဖယ်သွားတတ်ပြီး ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံရင်တော့ အားလုံးရဲ့ချစ်ခင်မှုကိုရရှိစေတာမို့ သားသား၊ မီးမီးတို့လဲ စကားပြောဆိုရာမှာ မရိုင်းပျမကြမ်းတမ်းဘဲ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံကြပါလို့ ဦးဦးက တိုက်တွန်းလိုက်ပါတယ်ကွယ်။

**ဒေါက်တာအောင်ညွန့်ပိုင်**

## တို့ရွာအလှ

♦ ရွာအရှေ့က လယ်ကွင်းပြင်
စပါးစိမ်းစိုလွင်၊
ရွာအနောက်တွင် အင်းရေကြော
သားငါးတွေကပေါ။

♦ တောတန်းကလေး ရွာတောင်ခြေ
ဆေးမြစ်တူးကာဖွေ၊
ရွာမြောက်ဘက်နေ ယာခင်းများ
သီးနှံစိုက်ပျိုးထား။

♦ ရွာသူရွာသား ချစ်ကြည်ဖြူ
စည်းလုံးညီညွတ်မှု၊
ရိုင်းပင်းကူညီ ပြုံးမပျက်
မျိုးရိုးအစဉ်ဆက်။ ။



**ရွှေမြိုင်စိမ်းလဲ့ကို**

## ပုတ်သင်ညို

♦ ပုတ်သင်ညိုညို ပုတ်သင်ညို
ခေါင်းညိတ်တတ်တယ်ဆို။

♦ သစ်ပင်အိုမှာ နေတာလား
သစ်ခေါင်းထဲမှာလား။

♦ ပုတ်သင်ညိုများ ဆင်းလို့လာ
ပိုးကောင်မွှားကောင်ရှာ။

♦ သားသားတို့မှာ ခေါ်မဆုံး
ခေါင်းတွေညိတ်ပါအုံး။ ။



**မန်းတင့်မော်**

# ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal** (www.myawady.net.mm/cadets) နှင့် **Myanmar National Portal** (https://bit.ly/4hQEmg3) တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်ခြင်းသက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဇန်းမောက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၇၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဇန်းမောက် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၇၉၂ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဇန်းမောက်မြို့နယ်တွင် စပါး ၃၈၈၆၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ၁၄၇၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဇန်းမောက်မြို့နယ်မှာ စပါးဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ၁၄၇၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးကပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ဇန်းမောက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်ဆီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ညောင်တန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**သဲကုန်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်တန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၂၅ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၄ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၉ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **သုတ**

စာပေမြင့်မှ လူမျိုးတင့်မည်

**Myanmar Mobile Money(MMM) ကို**
**အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရယူနိုင်ပါပြီ။**

Myanmar MOBILE MONEY
anywhere
anytime
anyone

ငွေသွင်း၊ ငွေထုတ်



ဖုန်းဘေလ် ဖြည့်သွင်းခြင်း

မီတာဘေလ် ပေးဆောင်ခြင်း

- ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း၊
- Skynet Bill Payment ပေးသွင်းခြင်း၊
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
- အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
- လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား
**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၅) မြတ်ရတနာဘုန်းတော်ကြီးစာသင်ကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းလှိုင်(၁၁/တကန(နိုင်)၀၅၁၁၉၁)၏သား မောင်ဘုန်းတေဇအား **မောင်လှိုင်ဘုန်းမြတ်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်လှိုင်ဘုန်းမြတ်

## အမည်ပြောင်း

မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ တော်ဝင်နဝရတ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မျိုးထွန်း(၁၂/မရက(နိုင်)၁၄၉၅၃၇)၏သမီး မဝင့်ရတီဦးအား **မဝင်းရတီဦး**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မဝင်းရတီဦး

## မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ ကူမဲအထကကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်လင်း(၉/မသန(နိုင်)၁၂၂၈၄၀)၏သမီး မဇင်ဇင်မိုး၏ မွေးသက္ကရာဇ်အမှန်မှာ (၂-၆-၂၀၀၉) ဖြစ်ပါကြောင်း။

မဇင်ဇင်မိုး၊ ၂-၆-၂၀၀၉

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ IBEC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော Grade-7 မှ မကြည်ဖြူခင်နှင့် Grade-6 မှ မပန်းခတ္တာတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်ဆန်းဝင်း** ဖြစ်ပါကြောင်း။

ဦးကျော်ဆန်းဝင်း(၅/စကန(နိုင်)၂၆၆၂၉၈)

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့၊ ပြူကံရပ်ကွက်တွင်နေထိုင်သူ (ဘ) ဦးကြည်အေး၏သား **မောင်ဝိုင်းအောင်ကို (ခ) မောင်ကျော်အောင်**မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ဝိုင်းအောင်ကို (ခ)
မောင်ကျော်အောင်(၉/သပက(နိုင်)၀၆၅၇၆၉)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်မြင့်မြတ်သူ၏ဖခင်အမည်မှန်မှာ **ဦးအောင်ကျော်သူရ** ဖြစ်ပါကြောင်း။

ဦးအောင်ကျော်သူရ(၉/မရတ(နိုင်)၁၂၃၂၃၀)

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း (နန်းရှေ့)၊ Grade-12 တွင် ပညာသင်ကြားနေသော ဦးထွန်းထွန်း၏သား မောင်ရဲလွင်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၈-၂၀၀၅ ဖြစ်ပါကြောင်း။ ၂၀-၈-၂၀၀၅

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စံပညာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တန်းတွင် ပညာသင်ကြားနေသော မောင်အောင်မြတ်သူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအေးမြင့်ကျော် ဖြစ်ပါကြောင်း။

ဦးအေးမြင့်ကျော်(၉/မနမ(နိုင်)၁၂၁၂၆၁)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသော အောက်ဖော်ပြပါ မြို့ရေပေးရေးလုပ်ငန်း Lot(1)ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|
| (က) | ဆင်လမ်းဆည်မှ ဗိုလ်ချုပ်လမ်းမီးပွိုင့်အထိ ၁၂" HDPE ပိုက် (၃၀၂၀၀)ပေ သွယ်တန်းခြင်း | (၃၀၂၀၀)ပေ |
| (ခ) | BOC အဝိုင်းမှ Ruby Mart ထောင့်ထိ (၂)ဖက်ပေါင်း ၁၀" PVC ပိုက် (၂၃၀၀၀)ပေ သွယ်တန်းခြင်း | (၂၃၀၀၀)ပေ |
| (ဂ) | ရကက(၇)ရထားလမ်းမှ ရကက(၁၀)ဇမ္ဗူဒီပလမ်းအထိ ၁၀" PVC ပိုက် (၁၁၂၀၀)ပေ သွယ်တန်းခြင်း | (၁၁၂၀၀)ပေ |

လျှောက်လွှာစတင်ရောင်းချရက် - ၁၇-၈-၂၀၂၆
တင်ဒါနောက်ဆုံးတင်သွင်းရက် - ၃၁-၈-၂၀၂၆
တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအသိပေးသွားပါမည်
လျှောက်လွှာဝယ်ယူရမည့်နေရာ - ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊
ဖုန်း ၀၉-၅၀၃၇၆၉၉
၀၉-၂၀၂၃၁၂၄
၀၉-၂၁၇၄၃၂၄
၀၉-၄၃၀၇၀၄၆၀

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ၆၀၈ ဓမ္မသုခလမ်းနေ နန်းခင်နွယ်ဦး (ဘ) ဦးလှမောင်(၁၂/ဒဂတ(နိုင်)၀၅၇၈၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-404001400**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ သံလျက်မှော်(တောင်)နေ မမေဇင်မိုး (ဘ) ဦးဝင်းမြင့်(၉/မဟမ(နိုင်)၀၃၄၁၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-031516)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-43106254**

**အဖိုးတန် ရေချိုကို ချွေတာပါ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ ၁၃ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့် စာမျက်နှာ - ၁၉

အိန္ဒိယ- စိတ်ချယုံကြည်ရသည့် ပထမဆုံး အကူအညီပေးသော နိုင်ငံ

ဆောင်းပါး စာမျက်နှာ - ၁၀



## မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီး ဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲက အောင်မြေသာစံမြို့နယ်ရှိ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ MTB လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး

စာမျက်နှာ ၂၂ ကော်လံ ၁ ❑

## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၅

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ် ၁၆ ရက်**(ယနေ့)** ည ၇ နာရီခွဲတွင် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် မလေးရှားအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို MRTV Sports Channel၊ MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**(သတင်းစဉ်)**

## လေးမျက်နှာမြို့ ပေါ်ရပ်ကွက်များ၊ ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့၊ ရေကြည်မြို့၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ

စာမျက်နှာ ၂၂ ကော်လံ ၁ ◆



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာသောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

## နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/ ၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၁၅

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ပြီး တပ်ရင်း၊ တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဩဂုတ် ၁၂ ရက်တွင် တိုင်းစစ်ဌာနချုပ် အသီးသီး၌

စာမျက်နှာ ၁၈ ကော်လံ ၁ ☆